# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 June 2022 ၁၀၇၇၁


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး





နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်တို့ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။


တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အိပ်မက်ဆိုးက နိုးထဖို့ အချိန်တန်ပြီ**

ဆောင်းပါး စာမျက်နှာ » ၆



**စာဖတ်ရင်း တွေးကြမယ်**

ဆောင်းပါး စာမျက်နှာ » ၁၈



**သီးနှံ ဈေးကွက်**

ဆောင်းပါး စာမျက်နှာ » ၂၃


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။
ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီးလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။
အငြိမ်းစားများ လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
နေပြည်တော်-ဖုန်း-၀၉ ၃၁၀၀၀၇၇၇၊ ၀၉ ၃၁၀၀၁၅၃၄ ရန်ကုန်-ဖုန်း-၀၉ ၃၁၀၀၁၅၂၁၊ ၀၉ ၃၁၀၀ ၁၁၂၂ မန္တလေး-ဖုန်း-၀၉ ၃၁၀၀၁၅၃၆၊ ၀၉ ၆၆၉၁၃၄၁၉၇


ကြေးမုံ

# ပညာသည် လောက၏အလင်းရောင်

ပညာသည် လောက၏ အလင်းရောင် မီးရှူးတန်ဆောင်၊ ပညာဖြင့် လောကအမှောင်ကိုခွင်း၍ ထွန်းလင်းတောက်ပအောင် ဆောင်ကြဉ်းနိုင်ပေသည်။ ပညာပြည့်ဝနှလုံးလှ၍ လောကကောင်းကျိုးကို သယ်ပိုးနိုင်သည်။ အသိဉာဏ်ပညာဖြင့် အရာရာကို ဆင်ခြင်တုံတရား ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်ရာ မိမိအကျိုး၊ လောကကောင်းကျိုး ဖြစ်ထွန်းစေသည်။ ထို့ကြောင့် ငယ်စဉ်တောင်ကျေး ကလေးဘဝမှ လူလားမြောက်သည်အထိ ပညာသင်ကြား ကြိုးစားကြပြီး အမျိုးကောင်းသားများ ဖြစ်မြောက်လာအောင် အားထုတ်ကြသည်။

ငယ်စဉ်အခါ ပညာရှာ၍ ကြီးသောအခါ ဥစ္စာရှာပြီး တင့်တယ်သောဘဝတစ်ခု ဖြစ်လာအောင် ကြိုးစားကြသည်။ ကောင်းမွန်သောဘဝတစ်ခုကို တည်ဆောက်နိုင်ရန်အတွက် အဓိကအချက်မှာ သင်ကြားခဲ့သောပညာကို အခြေခံ၍ စဉ်းစားဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာသင်ကြားနိုင်ရေးအတွက် အစိုးရတို့သည် စီမံဆောင်ရွက် ထောက်ပံ့ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်၌ ကျောင်းနေအရွယ် ကလေးငယ်အားလုံး ပညာသင်ကြားနိုင်ရေးကို မဖြစ်မနေဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များမှာ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပညာသင်ကြားမှု အခွင့်အလမ်းဆုံးရှုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်လာသဖြင့် ကျောင်းများအားလုံး ပြန်လည်ပိတ်ခဲ့ရသည်။ ၂၀၂၂ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း သိသာစွာကျဆင်းသွားသဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံးကို ဖွင့်လှစ်ပေးခဲ့သည့်အပြင် အဆင့်မြင့်ပညာကျောင်းများလည်း ဖွင့်လှစ်ပေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ ပြန်လည်ရရှိလာသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံသူများ တိုးတက်များပြားလာပြီး ကျောင်းများစတင်ဖွင့်လှစ်ပြီးချိန်အထိ ကျောင်းသား ကျောင်းသူ ၆ ဒသမ ၇ သန်းခန့် ကျောင်းအပ်နှံခဲ့ပြီး ၆ ဒသမ ၃ သန်းခန့် ပညာသင်ကြားနေကြပြီဖြစ်၍ ၉၄ ဒသမ ၁ ရာခိုင်နှုန်း ပညာသင်ကြားမှု အခွင့်အလမ်းများကို ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ပညာသင်ကြားမှုကို လေ့လာကြည့်လျှင် ကျောင်းသားမိဘများတွင် အကြောင်းအမျိုးမျိုးဖြင့် အားနည်းချက်များရှိနေသည်ကို တွေ့ရသည်။ အချို့ပညာမသင်နိုင်သည့် ကလေးများရှိပြီး အချို့မှာ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းမရှိဘဲ အဟောသိကံဖြစ်သွားကြသည်ကို တွေ့ရသည်။

တန်းစဉ်ကူးပြောင်းသင်ကြားမှုကို စေ့ငုကြည့်လျှင် အခြေခံပညာသင်ကြားခဲ့သူများအနက် သူငယ်တန်းမှ စတုတ္ထတန်းအထိ သင်ကြားခဲ့ကြသူများမှာ ၆၀ ရာခိုင်နှုန်းခန့်သာရှိပြီး အလယ်တန်းပညာ ပြီးဆုံးသည်အထိ သင်ကြားနိုင်ခဲ့သူများမှာ ၅၀ ရာခိုင်နှုန်းသာရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးမြှင့်တင်ပေးပြီး ကျောင်းနေအရွယ် ကလေးငယ်တိုင်း မဖြစ်မနေကျောင်းနေနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်မြောက်ရေးတွင် ဆရာ ဆရာမများသည် ပဲ့ကိုင်ရှင်များဖြစ်၍ အရေအတွက်နှင့် အရည်အသွေးမြင့်မားအောင် မြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ဆရာ ဆရာမများကို သက်ဆိုင်ရာဘွဲ့အလိုက် ခံစားခွင့်များပေးလျက်ရှိသကဲ့သို့ ကျောင်းအုပ်ချုပ်ရေးတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်အားလုံးအား လစာ၏ ၁၀ ရာခိုင်နှုန်းကို ခံစားခွင့်ပေးထားသည်။

နိုင်ငံတော်က ပညာရေးကို အားပေးမြှင့်တင်ပေးပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ဘဝ မြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေချိန်တွင် အစွန်းရောက်နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် အကြမ်းဖက်အဖျက်သမားများက ဆရာ ဆရာမ၊ ကျောင်းအုပ်ချုပ်သူများနှင့် စာသင်ကျောင်းများကို နှောင့်ယှက်ဖျက်ဆီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်နှင့် လူငယ်လူရွယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်သည်။ ပညာဖြင့် မိမိတို့ဘဝနှင့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်၍ တိုးတက်ဖြစ်ထွန်းလာသော ပညာရေးကို ဆက်လက်မြှင့်တင်အားပေးပြီး ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူပြီးမြောက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးချစ်ဆွေ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၉

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချစ်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၁၇ ရက်တွင် ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗာဂျီရာလောင်ကွန်းဖရာ့ ဗာဂျီယာကလောင့်ကျောင့်ယူဟူဝါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## စဉ့်ကူးမြို့နယ်၌ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စဉ့်ကူး ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့အဝင် စဉ့်ကူး-လက်ပံလှ ကားလမ်းဘေးဝဲ/ယာ တစ်လျှောက်နှင့် မန္တလေး-မိုးကုတ် ကားလမ်းဘေးဝဲ/ယာ တို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။



ရှေ့ဦးစွာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးသန့်ဇင်၊ စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းဝင်းထွန်းတို့က ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကံ့ကော်၊ စိန်ပန်းနှင့် ခရေပင် စုစုပေါင်းအရိပ်ရ ပျိုးပင်ပေါက် ၄၅၀ ကို တက်ရောက်လာသူများထံ ပေးအပ်ပြီး တပျော်တပါးစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲသို့ စုစုပေါင်းအင်အား ၇၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ဂေဟစနစ်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်၊ မြို့ဝင်မြို့ထွက် စိမ်းလန်းစိုပြည်သာယာလှပစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

တင်ဇာလွင် (ပြန်/ဆက်)

## တောင်ငူ၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များပေးအပ်

တောင်ငူ ဇွန် ၁၈

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ တောင်ငူမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား လုပ်ငန်းခွင်ပြင်ပ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမားမီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်၊ မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်တို့ ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးညီညီလွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်ငူမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးကျော်ဝင်းလတ်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေကျပ်သိန်း ၉၀ ကို ဇနီးဖြစ်သူ ဒေါ်မြတ်မွန်အေးထံသို့ လည်းကောင်း၊ Brac Myanmar Microfinance Co.,Ltd. မှအာမခံအလုပ်သမား ဒေါ်သိမ့်သိမ့်ဝင်း၏ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ငွေကျပ် ၆၈၉၀၀၀ နှင့် အခြားကျန်ရှိသည့် မကျန်းမာမှု၊ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်တို့အား ကာယကံရှင်များထံသို့ ပေးအပ်ရာ စုစုပေါင်းငွေကျပ်သိန်း ၁၂၀၆၀၀၀၀ ကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။




ကိုလွင်(ဆွာ)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ
ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး(၁) ခွန်မင်းသိန်း၊ ဗဟိုကော်မတီဝင် ခွန်ဇွဲထိုက်ရ်တို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်နှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁) နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်တို့ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဇွန် ၁၈**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် စာသားပါ ဆိုင်းဘုတ်များနှင့် နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ ကြိုဆိုကြသည်။

**သတင်းစဉ်**

## သာစည်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အရိပ်ရအပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုး

**သာစည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက မြို့ဝင်မြို့ထွက် လမ်းဘေးဝဲ/ယာ နှစ်နေရာနှင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) လမ်းဘေးဝဲ/ယာတို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့အနောက်ဘက် သာစည်-သပြေဝကားလမ်းဘေးဝဲ/ယာတွင် စိန်ပန်းပင် ၂၅ ပင်နှင့် မဲဇလီပင် ၅၀ စုစုပေါင်း ၇၅ ပင်ကို လည်းကောင်း၊ မြို့အရှေ့ဘက်အဝင်ဖြစ်သော တောင်ကြီး-မိတ္ထီလာကားလမ်းဘေးဝဲယာတွင် စိန်ပန်းပင် ၁၅၀၊ ကုက္ကိုပင် ၅၀၊ နွယ်သာကီပင် ၃၀၊ စိန်တံချူပင် ၃၀၊ သပြေဘူတပင် ၁၅ ပင်၊ ခရေပင် ၁၅ ပင်နှင့် အခြားပန်းအလှပင် ၁၀ ပင် စုစုပေါင်း ၃၀၀ ကို လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) လမ်းဘေးဝဲ/ယာတွင် စိန်ပန်းပင် ၂၀၊ မဲဇလီပင် ၂၀၊ ယင်းမာပင် ၂၀၊ ကုက္ကိုပင် ၂၀ နှင့် တမာပင် ၂၀ စုစုပေါင်း ၁၀၀ ကို လည်းကောင် နေရာသုံးနေရာ၌ အရိပ်ရအပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း ၄၇၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းနှင့် ကောင်းမွန်သောရေသတ္တဝါများ မွေးမြူရေးကျင့်စဉ် (GAqP)သင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာမတ်ကျေးရွာတွင် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းနှင့် ကောင်းမွန်သောရေသတ္တဝါများ မွေးမြူရေးကျင့်စဉ် (GAqP)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကမာမတ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဇွန်၂၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှု



နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသည့် မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်၏ မဲစာရင်းအခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာ၌ ဆောင်ရွက်လျက်ရှိသည့် ရွှေပြည်သာမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၏ မဲစာရင်းအခြေခံလူဦးရေစာရင်းမြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မဲစာရင်းအခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစီအစဉ်ဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းနှင့် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာတို့၌ အခြေစိုက်စခန်းနှစ်ခုဖွင့်လှစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ထုတ်နုတ်ကော်မရှင်ဝန်ထမ်းအင်အား ၁၉၄ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များ၏ မဲစာရင်းအခြေခံလူဦးရေစာရင်းများအားလည်း ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရာတွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးကိုလည်း အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အခမ်းအနား လေးရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဇာနည်ဗိမာန်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် နိုင်ငံတော်အလံတိုင်တစ်ဝက် လွှင့်ထူခြင်းအခမ်းအနား၊ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပမည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားတို့ဖြစ်ကြောင်း။

ယခုနှစ်တွင် ရန်ကုန်မြို့နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်များကို အများပြည်သူများ ကြည့်ရှုလေ့လာရန် ဖွင့်လှစ်ပြသသွားရန်ဖြစ်ကြောင်း၊ ထို့အပြင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမကိုလည်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း၊ ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံရေးပါတီများနှင့် NGO အဖွဲ့အစည်းများအား အလေးထားဖိတ်ကြားရေး၊ အခမ်းအနားတက်ရောက်မည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ စနစ်တကျ လွမ်းသူ့ပန်းခွေချ ဂါရဝပြုအလေးပြုနိုင်ရန် ဆောင်ရွက်ရေး၊ အခမ်းအနားများအတွက် လုံခြုံရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များ၊ အာဇာနည်နေ့ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် မှားယွင်းမှုမရှိစေရေး ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားသည်။



ထို့နောက် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုံခြုံရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ လုပ်ငန်းကျင်းပရေးကော်မတီအတွင်းရေးမှူး မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဖြည့်စွက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်နေ့အခမ်းအနားများ ကျင်းပမည့် မြို့တော်ခန်းမ၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# မကွေးမြို့၌ “Service Quality Vs Hotel Industry” အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မကွေး ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ကျင်းပသည့် “Service Quality Vs Hotel Industry” အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မကွေးမြို့ My River View Hotel ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မကွေးဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်သည် နေထိုင်ရာ နိုင်ငံ မြို့များ သာယာလှပပြီး ဧည့်သည်များ လာရောက်လည်ပတ်ကာ ဒေသခံများအတွက် ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင် စီးပွားရေး ဖြစ်ထွန်းရန်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ရည်မှန်းချက် အောင်မြင်ရန်အတွက် မဟာဗျူဟာ (၆) ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိရာ Develop Quality Product and Service သည် အရေးကြီးပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များရရှိမည် ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဒေသဖြစ်ရန်အတွက် Ecotourism Tourists site များ၊ ဒေသအစားအစာ စားသောက်ဆိုင်များ၊ ရိုးရာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် ခရီးစဉ်များအား ခရီးသွားဧည့်သည်များ ပိုမိုသိရှိရန် လိုအပ်သည့်အပြင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်း ပြည့်ဝစေရေးအတွက် ယခုလိုအလုပ်ရုံ ဆွေးနွေးပွဲများကျင်းပ၍ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ခြင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ မကွေးတိုင်းဒေသကြီးအား ပြည်တွင်း၊ ပြည်ပ ခရီးသွားဒေသတစ်ခုဖြစ်ရန် မိမိတို့ဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ဆက်လက်၍လည်း စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မကွေးဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များက Service Quality Vs Hotel Industry ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို လိုက်နာဆောင်ရွက်မှသာ နိုင်ငံတကာခရီးသွားများ၏ ယုံကြည်မှုရရှိမည်ဖြစ်ပြီး ဝန်ဆောင်မှုပေးသူဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရရှိမည်

**နေပြည်တော် ဇွန် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားဧည့်သည်များ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံတကာခရီးသွားများ ဝင်ရောက်လည်ပတ်သွားလာနေပြီဖြစ်သည်။

**မိတ်ဆက်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက် ၉ နာရီတွင် ဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသော Golden TMH ကုမ္ပဏီက ရေးဆွဲထားသည့် Health and Security Screening for Travelers အတွက် Travel Safe Application စီမံချက် ရှင်းလင်းတင်ပြသည့် မိတ်ဆက်အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ Golden TMH Telecom မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲ တာဝန်ခံများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ ဆရာမများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ဧပြီ ၁၇ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများကို ပြန်လည်ပျံသန်းပြေးဆွဲခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းဗီဇာများကို စတင်ခွင့်ပြုခဲ့ပြီး မေ ၂၀ ရက်မှစတင်၍ ကမ္ဘာလှည့်ဗီဇာများကို ခွင့်ပြုပေးလျက်ရှိရာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၁၁ လိုင်းဖြင့် ဧည့်သည်များ ဝင်ရောက်လျက်ရှိကြောင်း၊ Electronic System ဖြင့် ယခုကဲ့သို့ ခရီးသွားဧည့်သည်များ ဝင်ရောက်ရာတွင် ခရီးသွားများ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုများမှာ လျော့ပါးလာပြီဖြစ်သော်လည်း အခြားမျိုးကွဲများနှင့် ကူးစက်ရောဂါများရှိနေသောကြောင့် ဂရုတစိုက် ကာကွယ်စောင့်ကြည့်ရန် လိုအပ်နေသေးကြောင်း၊ ယခုအခါ ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းနယ်ပယ်ခုနစ်ရပ်အတွက် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး Health and Safety Protocol (HSP) လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ HSP ကို လိုက်နာဆောင်ရွက်မှသာ နိုင်ငံတကာခရီးသွားများ၏ ယုံကြည်မှု(Trust)ကို ရရှိမည်ဖြစ်ပြီး ဝန်ဆောင်မှုပေးသူဝန်ထမ်းများအနေဖြင့်လည်း မိမိကိုယ်ကို ယုံကြည်မှု(Confidence)ရရှိမည် ဖြစ်ကြောင်း၊ ယနေ့ရှင်းလင်းတင်ပြမည့် Safe Travel Application ကို လေ့လာ၍သိရှိလိုသည်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ဆက်လက်၍ Golden TMH ကုမ္ပဏီဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက်မြန်နှုန်းမြင့် ဖိုက်ဘာ၊ ကြိုးမဲ့နှင့် ဂြိုဟ်တုနည်းပညာများကို ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီသည် ယခုမျက်မှောက်ခေတ် ခရီးသွားလာရေးတွင် မရှိမဖြစ်လိုအပ်လာနေသည့် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများစစ်ဆေးခြင်း လုပ်ငန်းရပ်များကို လွယ်ကူလျင်မြန်စေရန်၊ အချက်အလက် တိကျခိုင်မာစေရန်အတွက် Travel Safe Application ကို ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက Travel Safe Application နှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ညောင်နှစ်ပင်ကျေးရွာအနီးရှိ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး ပြင်ဆင်ထိန်းသိမ်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်) လမ်းပိုင်း မိုင်(၁၂/၀) နှင့် (၁၂/၁)ကြားရှိ လှည်းကူး-ဖောင်ကြီးလမ်း Under Pass ယာဉ်သွားလာမှုနှင့် တံတားကြံ့ခိုင်မှုကိုလည်းကောင်း၊ မိုင် (၉/၆)မှတစ်ဆင့် ငါးဆူတောင်ကျေးရွာ-ကြာအင်းလမ်း ကွန်ကရစ်လမ်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်နှစ်ပင်အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး အဝင်လမ်း မြေသားအမာခံလမ်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စုခန်းမကြီး ပြင်ဆင်ထိန်းသိမ်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မူလပုံစံမပျက် ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းမည့် စီမံချက်ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညီလာခံခန်းမကြီး၊ အထောက်အကူပြုခန်းမ၊ ဆွေးနွေးပွဲခန်းမ၊ စင်္ကြံလမ်း၊ ရုံးခန်း၊ ဆက်သွယ်ရေးအဆောက်အအုံ၊ စာသင်ဆောင်၊ ကွန်ပျူတာဆောင်နှင့် အများသုံးအိမ်သာပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၁) ခရိုင်ချင်းဆက်လမ်း မိုင်(၀/၀)မှ မိုင်(၅/၇)အတွင်း လမ်းဖောက်လုပ်နေမှုနှင့် ကျောက်ချောလမ်း ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ဆတ်သွားတော- ညောင်နှစ်ပင်လမ်းကို ၁၈ ပေအကျယ်ချဲ့ခြင်း၊ လမ်းပခုံးပြုပြင်ခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ပံတန်းမြို့၌ အခြေခံငါးမွေးမြူခြင်းနှင့် သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်းသင်တန်းဖွင့်

**လက်ပံတန်း ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ တစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံတွင် အခြေခံငါးမွေးမြူခြင်းနှင့် သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်းသင်တန်းကို ဇွန် ၁၆ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ လက်ပံတန်းမြို့နယ်မှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းသားသင်တန်းသူ ၃၅ ဦးတို့အား အုတ်ဖိုငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဒေါ်မိုးသီတာက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြခြင်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းရှိဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကာကွယ်တားဆီးစီမံခန့်ခွဲနိုင်ရေးအတွက် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်နှင့်မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ယင်းသင်တန်းကျောင်းရှိခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းစိုး ဦးဆောင်၍ အဖွဲ့ဝင်ငါးဦးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကြက်ခြေနီအသင်းခွဲ မြို့နယ်တပ်ဖွဲ့မှူးတို့က ဟောပြောကြသည်။

အခမ်းအနားသို့ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇၆)၊ အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ်(၄၀)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၀)တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၆ ဦး တက်ရောက်သည်။

ဟောပြောပွဲအပြီးတွင် အဆိုပါအဖွဲ့ဝင်များသည် သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသော Rescue Team အဖွဲ့များနှင့် မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အိပ်မက်ဆိုးက နိုးထဖို့အချိန်တန်ပြီ

ပြည်ထောင်စုသားတစ်ဦး

ယခုရက်ပိုင်းအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆွေးနွေးလျက်ရှိရာ လက်ရှိအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အနက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA–PC)၊ 'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA–မိုင်းလား)၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**“ထိုစဉ်က ကမ်ပူးချားနိုင်ငံအပေါ် နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုများသည် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားရာကနေ အညှီရှိ၍ ယင်အုံလာကြခြင်းပင်ဖြစ်သည်။ မင်းသားကြီး သီဟာနု၊ မာရှယ်လုံနိုး၊ ခမာနီပိုပေါ့တို့၏ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ အားပြိုင်မှုများမှတစ်ဆင့် ကမ်ပူးချား-ဗီယက်နမ်ပဋိပက္ခ၊ ၁၉၇၈-၇၉ ခုနှစ်တွင် ကမ်ပူးချား-ဗီယက်နမ်စစ်ပွဲနှင့် ဗီယက်နမ်တို့၏ ကျူးကျော်ဝင်ရောက်မှု၊ ထိုမှ ဗီယက်နမ်-တရုတ်နယ်စပ်ပဋိပက္ခများပေါ်ပေါက်လာပြီး ကမ်ပူးချားပြည်သူများသည် ဆယ်စုနှစ်များစွာ ဒုက္ခပင်လယ်ဝေခဲ့ကြ”**

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် ချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် အောင်မြင်မှုအချို့ရရှိခဲ့သော်လည်း ရည်မှန်းချက်ပန်းတိုင်ကိုမူ အပြီးတိုင် အရောက်မလှမ်းနိုင်ခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်မူ ငြိမ်းချမ်းရေးကို မရရအောင် ဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မည်သည့်ကန့်သတ်ချက်မျှမထားဘဲ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။

တစ်ဆက်တည်းမှာပင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ယခုဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ထပ်မံဖိတ်ခေါ်လျက်ရှိသည်။

### ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ

တကယ်တော့ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံအများစုသည် ကံတူအကျိုးပေးနိုင်ငံများဟု ဆိုရမည်။ ဒေသတွင်းနိုင်ငံအားလုံးနီးနီးသည် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ပြင်သစ်၊ အင်္ဂလိပ်၊ ဒတ်ချ် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ကြသော်လည်း ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ဆယ်စုနှစ်များစွာ ရုန်းကန်ခဲ့ကြရသည်။ အဆိုးရွားဆုံးပြဿနာတစ်ရပ်ကတော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟုဆိုသည့် ပြည်တွင်းစစ်ပင်။

အထူးသဖြင့် ယခင်က ပြင်သစ်လက်အောက်ခံဖြစ်ခဲ့ကြသည့် ဗီယက်နမ်၊ ကမ်ပူးချား (ယခု ကမ္ဘောဒီးယား)နှင့် လော(ယခု လာအို) နိုင်ငံတို့၏ အင်ဒိုချိုင်းနားဒေသသည် စစ်ဘေးဒဏ်ကို အခံရဆုံးဖြစ်ခဲ့သည်။ အင်ဒိုချိုင်းနားဒေသသည် နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် ဆယ်စုနှစ်များစွာ စစ်ပွဲများနှင့်သာ နပန်းလုံးနေခဲ့ကြရ၍ ၁၉၇၀ ကျော်၊ ၈၀ ကျော်လွန်နှစ်များက မငြိမ်းချမ်းသော အင်ဒိုချိုင်းနားဟုပင် ကမ္ဘာတွင် ထင်ရှားခဲ့ပါသည်။

### အမေရိကန်တပ်များက ကျူးကျော်ဝင်ရောက်

ဗီယက်နမ်စစ်ပွဲအရှိန်အဟုန် မြင့်မားချိန်တွင် “မြောက်ဗီယက်နမ်တပ်တွေဟာ ကမ်ပူးချားနယ်မြေကိုအသုံးပြုပြီး ထောက်ပံ့ပစ္စည်းတွေ ပေးပို့နေတယ်။ ဒီအတွက် ကမ်ပူးချားနိုင်ငံအတွင်းရှိ ဗီယက်နမ်အခြေစိုက်စခန်းအချို့ကို ရှင်းလင်းချေမှုန်းရမယ်” ဆိုသည့် အကြောင်းပြချက်ဖြင့် ၁၉၆၉ ခုနှစ်တွင် အမေရိကန်က ကမ်ပူးချားနိုင်ငံကို အပြင်းအထန်ဗုံးကြဲပြီး ၁၉၇၀ ပြည့်နှစ်တွင် အမေရိကန်တပ်များက ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

တကယ်တော့ ထိုစဉ်က ကမ်ပူးချားနိုင်ငံအပေါ် နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုများသည် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားရာကနေ အညှီရှိ၍ ယင်အုံလာကြခြင်းပင်ဖြစ်သည်။ မင်းသားကြီး သီဟာနု၊ မာရှယ်လုံနိုး၊ ခမာနီပိုပေါ့တို့၏ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ အားပြိုင်မှုများမှတစ်ဆင့် ကမ်ပူးချား–ဗီယက်နမ်ပဋိပက္ခ၊ ၁၉၇၈–၇၉ ခုနှစ်တွင် ကမ်ပူးချား–ဗီယက်နမ်စစ်ပွဲနှင့် ဗီယက်နမ်တို့၏ ကျူးကျော်ဝင်ရောက်မှု၊ ထိုမှ ဗီယက်နမ်– တရုတ်နယ်စပ်ပဋိပက္ခများပေါ်ပေါက်လာပြီး ကမ်ပူးချားပြည်သူများသည် ဆယ်စုနှစ်များစွာ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်။

### ထိုင်းနိုင်ငံနယ်စပ်အတွင်းသို့ ပြေးဝင်ခိုလှုံခဲ့ကြ

ခမာနီအစိုးရလက်ထက်တွင် မြို့နေလူတန်းစားများအားလုံးကို ကျေးလက်တောရွာများသို့ အတင်းပြောင်းရွှေ့နေထိုင်စေခြင်း၊ အသိပညာရှင်များနှင့် အတိုက်အခံအားလုံးကို နှိပ်ကွပ်ခြင်း၊ စာသင်ကျောင်းများကို ပိတ်ပင်ခြင်း၊ ငွေကြေးစနစ် ဖျက်သိမ်းခြင်းများပြုလုပ်ပြီး လူနေမှုစနစ်သစ်ထူထောင်ရေးကို ကြိုးပမ်းခဲ့မှုများအပါအဝင် ပြည်တွင်းစစ်ဒဏ်ကို မခံနိုင်သော ပြည်သူလူထုများသည် ဒုက္ခကြီးစွာဖြင့် ထိုင်းနိုင်ငံနယ်စပ်အတွင်းသို့ ပြေးဝင်ခိုလှုံခဲ့ကြရသည်။

ကမ်ပူးချားဒုက္ခသည်များသာမက ဗီယက်နမ်နှင့် လောနိုင်ငံတို့မှ ဒုက္ခသည်များသည်လည်း စစ်ဘေးဒဏ်နှင့် ရိက္ခာရှားပါးမှုတို့ကြောင့် နီးစပ်ရာနိုင်ငံများကို လွတ်ရာလွတ်ကြောင်း ထွက်ပြေးလာခဲ့ကြပြန်ရာ ထိုစဉ်က အင်ဒိုချိုင်းနားဒုက္ခသည်များပြဿနာသည် ဒေသတွင်းနိုင်ငံများကိုပါ ကျော်လွန်၍ ကမ္ဘာ့အရေးအထိဖြစ်ပေါ်လာခဲ့သည်။

အစုလိုက်အပြုံလိုက် ထွက်ပြေးခိုလှုံလာကြသော သန်းနှင့်ချီသည့် အင်ဒိုချိုင်းနား ဒုက္ခသည်များကို အမေရိကန်၊ ထိုင်း၊ မလေးရှား၊ ဟောင်ကောင်၊ ဩစတြေးလျ၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသည့် နိုင်ငံတို့က အချိုးကျလက်ခံခဲ့ကြသော်လည်း နောက်ပိုင်း ဝန်နှင့်အား မမျှတော့သည့်အခါတွင် နိုင်ငံအချို့က ဒုက္ခသည်များကို ပြန်လည်နှင်ထုတ်ခဲ့ရသည့်ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့သည်။

ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးနောက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြားတွင် မြေစာပင်ဖြစ်ခဲ့ရသည့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများထဲတွင် မြန်မာ၏အိမ်နီးချင်း လာအိုနိုင်ငံသည်လည်း ထိပ်ဆုံးကပါဝင်ခဲ့သည်။

နိုင်ငံကြီးနှစ်နိုင်ငံ၏ ကျောထောက်နောက်ခံအားပေးမှုဖြင့် လက်ဝဲ၊ လက်ယာအုပ်စုတို့ အားပြိုင်မှုများကြားတွင် ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းစစ်ဒဏ်အပြင် ဗီယက်နမ်စစ်ပွဲကာလအတွင်း၌ အမေရိကန်၏ လေကြောင်းမှ အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်မှုကိုလည်း လာအိုပြည်သူများ ကျောကော့အောင်ခံခဲ့ရရှာပြန်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း အမေရိကန်တို့သည် လာအိုနိုင်ငံပေါ်ကို ဗုံးတန်ချိန် နှစ်သန်းခန့်ကြဲချခဲ့သည်ဟုဆိုသည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တို့က ဥရောပနှင့် အာရှကိုကြဲချခဲ့သည့် စုစုပေါင်းဗုံးတန်ချိန် ၂ ဒသမ ၁ သန်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လာအိုနိုင်ငံငယ်လေးသည် သမိုင်းတစ်လျှောက်တွင် နိုင်ငံ၏လူဦးရေနှင့်မမျှအောင် ဗုံးအကြီးအကျယ်ကြဲချခံရဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ နယူးယောက်တိုင်းမ် သတင်းစာ၏ ဖော်ပြချက်အရ အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုသည် လာအိုပြည်သူတစ်ဦးကို ဗုံးတစ်တန်စာမျှနှုန်းဖြစ်သည်ဟုဆိုသည်။ လာအိုပြည်သူတို့သည် ယခုလက်ရှိအချိန်အထိလည်း အမေရိကန်တို့၏ မပေါက်ကွဲသေးသော ဗုံးများ၊ ပဒေသာမိုင်းများ၏ဒဏ်ကို ခံစားနေရဆဲဖြစ်သည်။

### ကွန်မြူနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ

ဒတ်ချ်တို့၏လက်အောက်က လွတ်လပ်ရေးရယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသည်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံအတွင်းမငြိမ်မသက် ပုန်ကန်မှုများ၊ ခွဲထွက်ရေး လှုပ်ရှားမှုများကြားတွင် ရုန်းကန်ခဲ့ရသည်။ ၁၉၆၀ ကျော်လွန်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့် ကွန်မြူနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ကွန်မြူနစ်များ၊ လက်ဝဲဝါဒီများဟု စွပ်စွဲခံရသူပေါင်း ငါးသိန်းမှ တစ်သန်းကြား သတ်ဖြတ်သုတ်သင်ခြင်းခံခဲ့ကြရသည်။

အင်အားကြီးနိုင်ငံများ၏ ဝါဒရေးရာအားပြိုင်မှုများကြားတွင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း အခြားဒေသတွင်း နိုင်ငံငယ်များနည်းတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့ခဲ့ရသည်။

ထိုင်းနိုင်ငံသည် ၁၉၈၀ ကျော်လွန်နှစ်များမတိုင်မီအထိ ထိုင်းကွန်မြူနစ်အုပ်စုများ၏တော်လှန်ပုန်ကန်မှုများကို ရင်ဆိုင်ခဲ့ရပြီး ဖိလစ်ပိုင်နိုင်ငံသည်လည်း နိုင်ငံ၏ တောင်ပိုင်းဒေသများဖြစ်သည့် လူဇုံ၊ မင်ဒနာအိုဒေသများတွင် ကွန်မြူနစ်လိုလားသည့် ပြည်သူ့တပ်မတော်သစ်ဟုဆိုသည့် ပြောက်ကျားအဖွဲ့များ၏ လှုပ်ရှားမှုများသာမက သီးခြားနိုင်ငံထူထောင်ရန်အတွက် လက်နက်ကိုင်တော်လှန်နေကြသည့် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ လှုပ်ရှားမှုများနှင့်ပါ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

စာမျက်နှာ ၇ သို့ ❖

- **တစ်ချိန်က ကမ်ပူးချားပြဿနာဟု ကမ္ဘာ့စာနယ်ဇင်းမီဒီယာများထက်တွင် ရေပန်းစားခဲ့ပြီး ကမ်ပူးချားဒုက္ခသည်များအရေးကို ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံဆိုပါကလည်း လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်နှင့် မြန်မာ့အရေးအပါအဝင် ဒေသတွင်းနိုင်ငံများ၏အရေးကို ဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျန်ဒေသတွင်းနိုင်ငံအသီးသီးတို့သည်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီးဆုံးသွားခဲ့မှုနှင့်အတူ အပြိုင်းအရိုင်းဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီ**
- **ဒေသတွင်းနိုင်ငံများကြားတွင် အင်ဒိုနီးရှားပြီးလျှင် ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကမူ လက်ရှိအချိန်အထိ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြားမှ ရုန်းမထွက်နိုင်ဖြစ်နေခဲ့**

❖ စာမျက်နှာ ၆ မှ

**အိပ်မက်ဆိုးကမှ ရုန်းထွက်လာနိုင်ခဲ့ကြပြီ**

လက်ရှိကာလတွင်မူ ဒေသတွင်းအရှေ့တောင် အာရှနိုင်ငံအများစုသည် လွတ်လပ်ရေးရပြီးစ အခြေအနေမျိုးမဟုတ်တော့။ နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းအချို့ ရှိကောင်းရှိနိုင်သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အိပ်မက်ဆိုးကမှ ကိုယ်စီကိုယ်စီ ရုန်းထွက်လာနိုင်ခဲ့ကြပြီဖြစ်သည်။

တစ်ချိန်က မငြိမ်းချမ်းသော အင်ဒိုချိုင်းနားဒေသမှ ဗီယက်နမ်နိုင်ငံသည် မြန်မာနှင့် မရှေးမနှောင်း ဖွင့်လှစ်ခဲ့သော ဈေးကွက်စီးပွားရေးစနစ်အောက်တွင် အသားကျပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်းများစွာဖြင့် ဖွံ့ဖြိုးတိုးတက်၍ လာခဲ့ပြီဖြစ်သည်။ အိမ်နီးချင်းလာအိုနိုင်ငံဆိုပါကလည်း ကျည်ဆန်ရထား၊ မြစ်ကူးတံတား၊ ဆည်မြောင်းတာတမံ၊ အဝေးပြေးလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းစပြုလာနိုင်ခဲ့ပြီဖြစ် သည်။ တစ်ချိန်က ကမ်ပူးချားပြဿနာဟု ကမ္ဘာ့စာနယ်ဇင်းမီဒီယာများထက်တွင် ရေပန်းစားခဲ့ပြီး ကမ်ပူးချား ဒုက္ခသည်များအရေးကို ဒေသတွင်းနိုင်ငံ များနှင့် ကမ္ဘာ့နိုင်ငံများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံဆိုပါကလည်း လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်နှင့် မြန်မာ့အရေး အပါအဝင် ဒေသတွင်းနိုင်ငံများ၏ အရေးကို ဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျန်ဒေသတွင်း နိုင်ငံအသီးသီးတို့သည်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီးဆုံးသွားခဲ့မှုနှင့်အတူ အပြိုင်းအရိုင်းဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီဖြစ်သည်။

**နောက်ကျကျန်ရစ်**

ဒေသတွင်းနိုင်ငံများကြားတွင် အင်ဒိုနီးရှားပြီး လျှင် ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကမူ လက်ရှိအချိန်အထိ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြားမှ ရုန်းမထွက်နိုင်ဖြစ်နေခဲ့သည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနာတာရှည်ရောဂါကြောင့်ပင် မြန်မာသည် ခွန်အားများဆုတ်ယုတ်ပြီး ဒေသတွင်း နိုင်ငံများကြားတွင် နောက်ကျကျန်ရစ်ခဲ့ရသည်။

ကံတူအကျိုးပေး ဒေသတွင်းနိုင်ငံများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အခြေအနေအရပ်ရပ်ကို နှိုင်းယှဉ်သုံးသပ်ကြည့်မည်ဆိုပါက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့သည် သီးခြားဝိသေသလက္ခဏာသဘော မဟုတ်ဘဲ အပြန်အလှန်အမှီသဟဲ အကျိုးပြုနေသည့် အညမညသဘောဆောင်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

သို့ဖြင့် လာမည့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု တစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို ပြည်ထောင်စုသားအားလုံးမျှဝေခံစားနိုင်ကြစေရေးတို့အတွက် လက်ရှိ ကျင်းပနေသည့် ငြိမ်းချမ်းရေးခရီးလမ်းကို အားလုံး အတူတကွ လျှောက်လှမ်းစေချင်သည်။

မြန်မာနိုင်ငံသည် လက်ရှိအခြားဒေသတွင်းနိုင်ငံ များနည်းတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအိပ်မက်ဆိုးမှ နိုးထဖို့အချိန်တန်ပါပြီ။ ။

# ချောင်းဦးမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပ

ချောင်းဦး ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စက်မှုလယ်ယာ ရုံးဝင်းအတွင်း ယနေ့နံနက် ၇ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ပြီး မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားတွင် ချောင်းဦးမြို့နယ် သစ်တောဦးစီးဌာနတာအုပ်ကြီး ဦးအောင်နေလင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်ထံသို့ စိုက်ပျိုးမည့် ပျိုးပင်ပေါက် အပင် ၃၀၀ ပေးအပ်ခဲ့သည်။ စက်မှုလယ်ယာ ရုံးဝင်းအတွင်းရှိ ကွင်းပြင်ကျယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၀၀ ကျော်ခန့်က ကျွန်း ၁၂၀၊ ကုက္ကို ၈၀၊ ဗာဒံ ၂၀၊ ချယ်ရီ ၅၀၊ တမာ ၃၀ စုစုပေါင်း ပျိုးပင်ပေါက် အပင် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)







## ကျိုက္ခမီမြို့၌ ရေလုပ်သားများ အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်

ကျိုက္ခမီ ဇွန် ၁၈

မွန်ပြည်နယ် ကျိုက္ခမီမြို့ ပင်လယ်ငါးဖမ်း ရေလုပ်သားများ အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မြို့လယ်ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင်မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ လုပ်ငန်းခွင် ထိခိုက်မှုမရှိစေရေး အခြေခံ လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ VMS ညွှန်ကြားချက် ၅/ ၂၀၂၀၊ ရေးဦးသူနာပြုစုနည်း အသိပညာပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ လူကုန်ကူးမှုနှင့် မှုခင်းများ ကျဆင်းတားဆီးနှိမ်နင်းခြင်း အသိပညာရပ်များကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထာဝရ ငြိမ်းချမ်းရေး

❖ တိုင်းရင်းသားတွေ စုပေါင်းဖွဲ့
ပြည်ထောင်စုတဲ့ တို့နိုင်ငံ။
ပြည်နယ်တွေ ဖွံ့ကာဖြိုး
တိုးတက်စေရန်။
သို့မှသာ တို့နိုင်ငံ
ဖြိုးသန်လို့ တိုးကာတက်။
မိမိပြည်နယ် မိမိကြိုး
တိုးကြမည်ထက်။

❖ လက်နက်ကိုင် ပဋိပက္ခ
ချုပ်ငြိမ်းမှ ပြည်အေးရာ။
တို့နိုင်ငံ ဖွံ့ကာဖြိုး
ပြည်တိုးတက်မှာ။
ခုလိုဖြင့် သည်ချိန်ခါ
ညီတညာ တစ်စိတ်တည်း။
တို့နောင်ညီ တစ်ပြည်သားမို့
စိတ်ထားခိုင်မြဲ။

❖ စိန်ရတု လွတ်လပ်ရေး
မနှေးဘဲ ရောက်လာမည်။
ထိုအချိန် ထိုကာလ
ငြိမ်းချမ်းဖို့ရည်။
ခုချိန်က စ၍အတည်
ကြိုးပမ်းပြီ ညှိကာပြောင်း။
ဆိုးမွေကို ဖယ်ခွာသစ်
စွန့်ပစ်ချိန်ကောင်း။

❖ ထာဝရဆို ငြိမ်းချမ်းရေး
အရေးကြီးတဲ့ အရာပါ။
သူကသာ အခရာမို့
ကြိုးစားကြဖို့သာ။
ကြိုးစားမှ ပြည်ကသာ
ပြည်သာမှ တိုးတက်လို့။
နှစ်ရှည်ကြာ သည်တိုက်ပွဲ
ရပ်စဲကြစို့။

❖ ငြိမ်းချမ်းမှု အလှပန်း
ပွင့်လန်းဖို့ ချိန်ခါပင်။
ပြည်သူတွေ စိတ်ရွှင်လန်း
ဆင်မြန်းဖို့ပြင်။
ဆန္ဒစစ် အမှန်ပင်
ပန်ချင်စိတ် ရင်မှာကဲ။
ပြည်နှံ့မှာ ရနံ့လွှမ်း
ပန်းနံ့လေးမြဲ။ ။

ပြေအေးသက်

# လှိုင်ကော်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လှိုင်ကော် ဇွန် ၁၈**

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ လှိုင်ကော်တက္ကသိုလ် ပရိဝုဏ်အတွင်း ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ လှိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ရာ လှိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ်၊ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တက္ကသိုလ် ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် သစ်ပင်များကို သတ်မှတ်နေရာများတွင် အသီးသီးစိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် ပျော်ရွှင်စွာ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**စုပေါင်းစိုက်ပျိုး**

ကယားပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ဒေသမျိုးရင်းအဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ ပါဝင်သည့် လူထုဖြန့်ပျိုးပင် ၁၀၂၅၀၀ ကို ပျိုးထောင်ထားပြီး ယနေ့မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ခရေစသည့် သစ်မျိုး ၁၃ မျိုး စုစုပေါင်းပျိုးပင် ၂၃၀၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# မော်လမြိုင်မြို့နယ်၏ Land Mark အမှတ်အသားဖြစ်သည့် ထန်းပင်စိုက်ပျိုးပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၁၈**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ်၏ Land Mark အမှတ်အသားဖြစ်သည့် ထန်းပင်များစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ မော်လမြိုင်-ကျိုက်မရော လမ်းဘေးဝဲ/ယာ တစ်လျှောက် တွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည်လမ်းဘေးဝဲ/ယာတစ်လျှောက် ထန်းပင်စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးသည်။

မော်လမြိုင်မြို့နယ်၏ အမှတ်အသားဖြစ်သည့် ထန်းပင်များ စုပေါင်းစိုက်ပျိုးခြင်းကို မော်လမြိုင်-ကျိုက်မရော ကားလမ်းအရှည် ပေ ၂၅၀၀ အထိ ရှည်လျားသည့် လမ်းဘေး ဝဲ/ယာတစ်လျှောက် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူ ၅၂၀ ခန့်က ထန်းပင် ၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြခြင်း ဖြစ်ကြောင်း၊ Land Mark အမှတ်အသားစိုက်ပျိုးသည့် ထန်းပင်များ ရှင်သန်ကြီးထွားချိန်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်မည်ဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းအတွက်လည်းအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စိတ်အပန်းဖြေ သွားလာလည်ပတ်နိုင်သည့် ခရီးသွားမြို့တော်နေရာတစ်ခုအဖြစ် ဖွံ့ဖြိုးဝေစည်လာမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၈**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် အားကစားသမားများက ကွင်းအတွင်းနေရာယူ၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းအား အလေးပြုကြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ဖြင့်တင်ဆက်ရာ ကိန္နရီကိန္နရာ၊ တိုးနယား၊ ရှမ်းကြီးသိုင်းအကနှင့် ပညာရေးဒီဂရီကောလိပ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ထာဝရသစ္စာသီချင်းဖြင့် စုပေါင်းကပြေဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့အားတစ်ဖွဲ့လျှင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။




ပြိုင်ပွဲပထမပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါပွဲစဉ်ပထမနေ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ် အနိုင်ရရှိကြောင်း သိရသည်။ ပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ပြိုင်ပွဲဝင် အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ၁၄ သင်း စုစုပေါင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇွန် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မကွေးတက္ကသိုလ်တွင် စာပေစွမ်းရည်မြှင့်တင်ရေး ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**မကွေး ဇွန် ၁၈**

မကွေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အထိမ်းအမှတ် ရသသစ်နံရံကပ်စာလက်ဆောင် ပြိုင်ပွဲဝင်သူများနှင့် ဆုရရှိသူများအား စာပေစွမ်းရည်မြှင့်တင်ရေး ဂုဏ်ပြုပွဲကို ယမန်နေ့နံနက် ၉ နာရီက မကွေးတက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

**ကိုယ်တိုင်ဝေဖန်သုံးသပ်ဆင်ခြင်**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က “လူ့စွမ်းအားအရင်းအမြစ်တွေကို ပြုစုပေးနေတဲ့ တက္ကသိုလ်ပညာရပ်ဝန်းဆိုတာ သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားနည်းစနစ်တွေကို ဆန်းစစ်သုံးသပ်ပြီး အရည်အသွေးကို အစဉ်မြှင့်တင်ပေးနေသလို၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာတဲ့ ပညာအခွင့်အလမ်းတွေကို မောင်တို့မယ်တို့အားလုံးက မိမိရရ ရယူနိုင်ဖို့လိုအပ်ကြောင်း၊ မကွေးတက္ကသိုလ်မှာ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုပညာပြိုင်ပွဲ၊ အားကစားသင်တန်းနဲ့ ပြိုင်ပွဲတွေကို ပါဝင်ကြဖို့လိုကြောင်း၊ တက္ကသိုလ်ကျောင်းသားဆိုတာ သင်ယူလေ့လာဆည်းပူးပြီး ကိုယ်တိုင် ဝေဖန်သုံးသပ် ဆင်ခြင်ရမည့်သူတွေဖြစ်ကြောင်း၊ ပညာဖြင့် လောကကောင်းကျိုးကို ချမ်းသာအောင် ပေးဆောင်နိုင်သူတွေဖြစ်ကြပါစေကြောင်း” ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရသသစ် နံရံကပ်စာလက်ဆောင် ပြိုင်ပွဲဝင်သူများနှင့် ဆုရစာမူရှင်မောင်မယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ရေပြင်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၂) ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသပွဲပြုလုပ်



နေပြည်တော် ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ရေပြင်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၂) ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ကန်သာယာကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန ရေပြင်ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ်(၂)ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြအဖွဲ့များကို အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ခေတ်မီရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တရားရုံးအဆောက်အအုံသစ်ဖွင့်လှစ်



ပန်းတောင်း ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ရုံးအဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို Royal Prome Co., Ltd ၏ မန်နေဂျင်း ဒါရိုက်တာက တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်သိန်းသိန်းနှင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်း အဆောက်အအုံသစ်သည် အလျား ၁၄၇ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၂၆ ပေ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တရားလွှတ်တော်ရုံး၏ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၆၄၄ ဒသမ ၃ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ကသာမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

ကသာ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် နောက်သုံးရက်အတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

## မြင့်တက်လျက်ရှိ

ကသာမြို့သည် နှစ်စဉ် ဇွန်လမှ အောက်တိုဘာလအတွင်း မြစ်ရေမြင့်တက်လျက်ရှိပြီး ကသာမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၀၄၀ စင်တီမီတာဖြစ်သည်။

ယမန်နေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ရေအမှတ်မှာ ၉၄၆ စင်တီမီတာဖြစ်ပြီး ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသောကြောင့် နောက် သုံးရက်အတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။




ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေအမှတ်သည် ၉၇၇ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်သဖြင့် မြစ်ကမ်းနံဘေးနေထိုင်ကြသူများ၊ မြေနိမ့်ပိုင်းနေထိုင်ကြသူများ အထူးသတိပြု နေထိုင်ကြရန် လိုအပ်ကြောင်း သိရသည်။

နန်းထွန်းမေ



# အင်းတော်မြို့နယ်၌ မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိ

အင်းတော် ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ်မိုးစပါးဧက ၅၅၉၈၀၊ ဆီထွက်သီးနှံ ၂၈၂ ဧက၊ စက်မှုသီးနှံ ၁၉၈ ဧက၊ မိုးနှမ်းဧက ၁၂၀၊ မိုးမြေပဲဧက ၁၂၀၊ မိုးအစေ့ထုတ်ပြောင်း ၆၁ ဧကနှင့် အခြားသီးနှံ ၈၃၃၀ ဧကစိုက်ပျိုးနိုင်ရန်လျာထားကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်မြောင်းပိတ်နှင့် မြစ်ချောင်းရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောသည်။

အေးမြသက်ထား

# ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ မြေမြှုပ်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ကျုံပျော် ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ရာသီအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မြေမြှုပ်ထည့်သွင်းခြင်းနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ပျဉ်းချဆိပ်အုပ်စုရှိ တောင်သူ ဦးကြည်ဝင်း၏ လယ်မြေလေးဧက၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးသန်းအောင်ဆန်းက တောင်သူများနှင့်တွေ့ဆုံ၍ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း၏ ရေရှည်အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးကျေးဇူးများ၊ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပိုက်ဆံလျှော် ၆ ဒသမ ၆ ပေ ပတ်လည်ကောင်း၊ သင့်၊ ညှို့ စံကွက်ကို ရိတ်သိမ်းရာ အစိုထွက်နှုန်း ၂၄၀၈၆ ပေါင်၊ အခြောက်ထွက်နှုန်း ၃၈၆၃ ဒသမ ၀၇ ပေါင် ထွက်ရှိပြီး အခြောက်ထွက်နှုန်းတွင် နိုက်ထရိုဂျင် ၁၁၅ ဒသမ ၉၁ ပေါင်၊ ဖော့စ်ဖရပ်စ် ၁၅ ဒသမ ၄၅ ပေါင်နှင့် ပိုတက်ဆီယမ် ၇၆ ဒသမ ၈၆ ပေါင် ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ကွင်းသရုပ်ပြပွဲကို ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိုင်းဦးစီးမှူး၊ ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သိန်းစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ လယ်ထွန်စက်ဖြင့် သစ်စိမ်းမြေဩဇာ မြေမြှုပ်ထည့်သွင်းခြင်း လက်တွေ့ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်က မြို့နယ်အတွင်း သစ်စိမ်းမြေဩဇာထည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ကျုံပျော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ လယ်မြေဧက ၈၅ ဧကတွင် သစ်စိမ်းမြေဩဇာများ မြေမြှုပ်ထည့်သွင်းပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇွန် ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**(ယမန်နေ့မှအဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးသည့်နောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့အစည်းများသည် အစိုးရယန္တရား ရပ်တန့်ပစ်နိုင်မည့်နည်းလမ်း၊ အစိုးရပြုတ်ကျရေးအတွက် နည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်နေရာတွင် အစိုးရကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်နေသည့်လူများ၊ ပါဝင်ပတ်သက်နေသည့်လူများ၏ မိသားစု၊ အစိုးရကို နိုင်ငံရေးအရ၊ စီးပွားရေးအရ ထောက်ခံအားပေးနေသည့်သူများကို ဖမ်းဆီးခြင်း၊ သတ်ပစ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းစသည့် အကြမ်းဖက်ရေးနည်းလမ်းများကို ဆောင်ရွက်ခဲ့ကြကြောင်း။

## အကြမ်းဖက်မှုကျူးလွန်

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း အကြမ်းဖက်သမားများက ဆရာ ဆရာမများကို အကြမ်းဖက်မှုကျူးလွန်ခဲ့သည့် အခြေအနေမှာ ဇွန် ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ရွာတုံကျေးရွာအနီးတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ(စည်သာ) ကျောင်းအုပ်ဆရာမကြီးအား သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဇွန် ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မင်းသားကန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကို သတ်ဖြတ်ခဲ့ခြင်း၊ ဇွန် ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာနေ ထားဝယ်တက္ကသိုလ်(မြန်မာစာဌာန)မှ ကထိကတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပစ်ခတ်ခံရ၍ သေဆုံးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ ဇွန် ၁၃ ရက်တွင် PDF အကြမ်းဖက် ၁၅ ဦးခန့်က ရွှေကူမြို့နယ် ကျွန်းတော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်လာပြီး ကျေးရွာရှိ ဆရာ ဆရာမ ငါးဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၁၃ ရက်အထိ ပညာရေးဝန်ထမ်းများ ဖမ်းဆီးသတ်ဖြတ်မှု ၂၁ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ၄၄ ဦး သေဆုံးခဲ့ကြောင်း၊ ထိုသို့သတ်ဖြတ် ဆောင်ရွက်ခြင်းများသာမက ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီကျော်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ကျောင်းသား ကျောင်းသူ ၁၁၀ ကို ပညာသင်ကြားပေးနေသည့် အခြေခံပညာမူလတန်းလွန် (တည်သီးတော)ကျောင်းကို အကြမ်းဖက်သမားများက Drone တွင် ဗုံးချိတ်ဆွဲပြီး ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ အဆောက်အအုံ ထိခိုက်ခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တပ်စခန်း၊ ရဲစခန်းထဲကို ဗုံးသီးကျလျှင် တပ်မတော်မှ ဘယ်နှဦးသေဟု သတင်းထုတ်ပါကြောင်း၊ မြို့ထဲရွာထဲကို ဗုံးသီးကျလျှင် အတတ်နိုင်ဆုံး ရှူးချင်ဟန်ဆောင်ပါကြောင်း၊ အများသိသွားလျှင် ဒလန်အိမ်ကို တိုက်ခိုက်သည်ဆိုပြီး သတင်းထုတ်ပါကြောင်း၊ ယင်းနှင့်ဆက်စပ်ပြီး ဒရုန်းနှင့် ဗုံးချရာတွင် မည်မျှလောက်အထိ တိတိကျကျချနိုင်မည်လဲဟု မိမိပြောလိုပါကြောင်း၊ လေတိုက်နှုန်း၊ အမြင့်ပေစသည်တို့ တိကျမှုမရှိဘဲ ဘယ်နေရာကွဲကွဲ၊ ဘယ်သူသေသေဆိုပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်းသည် ကမ္ဘာပေါ်တွင် မည်သို့မျှလက်မခံနိုင်သည့်၊ စစ်ရာဇဝတ်မှုမြောက်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရှိ သံရုံးများအနေဖြင့် မျက်စိမှိတ်မနေကြရန် မိမိအနေဖြင့် ပြောကြားလိုကြောင်း။

## လက်တွေ့လည်း ဖောက်ခွဲပြနေ

နောက်တစ်ခုမှာ မိုင်းဖြစ်ကြောင်း၊ မိုင်းနှင့်ပတ်သက်ပြီး မိုင်းမျိုးစုံ မည်မျှအောင်မြင်နေပြီ၊ ဖျက်အားပြင်းမိုင်းများအောင်မြင်နေပြီ၊ ပဒေသာမိုင်းများ အောင်မြင်ပြီစသဖြင့် ၎င်းတို့ကို အားပေးသည့် မီဒီယာများကိုယ်တိုင် ပြောထားကြောင်း၊ လက်တွေ့လည်း ဖောက်ခွဲပြနေကြကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်နံနက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သိမ်းချောင်းကျေးရွာအနီး စစ်ကိုင်း-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် ၄၁ အနီးတွင် ဆားတောင်မြို့မြင်းကျရပ်ကွက်နေ ကိုရင်သုံးပါး ဆွမ်းခံ၍ ကျောင်းသို့ပြန်လာစဉ် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ကိုရင်နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး တစ်ပါးမိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသည့် ကိုရင်လေးတစ်ပါး၏ပုံကို ကြည့်စေလိုကြောင်း၊ ယင်းတို့ကို မည်သည့်နိုင်ငံ၊ မည်သည့်မီဒီယာမှ ဖော်ပြခြင်းမရှိဘဲ မေးမှိန်အောင်လုပ်နေကြောင်း၊ PDF၊ NUG၊ CRPH အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်နစ်နာရကြောင်း၊ ဘုန်းကြီးစီးသည့်ယာဉ်လည်း မရှောင်၊ လူနာတင်ကားလည်း မရှောင်ပါကြောင်း၊ လူမှုဝန်ထမ်းအဖွဲ့များ လုပ်နေသည့် လူနာတင်ယာဉ် ဖောက်ခွဲမီးရှို့ခံရပါကြောင်း၊ နည်းမျိုးစုံဖြင့် သံပိုက်များကို လက်လုပ်စိန်ပြောင်းဆိုပြီး လုပ်ပါကြောင်း၊ ရသမျှ ယမ်း၊ ရသမျှသံတိုသံစနှင့် ဗုံးသီးဆိုပြီး ထုတ်ပါကြောင်း၊ ဘယ်အဖွဲ့က ထုတ်လုပ်လိုက်ပြီဆို၍လည်း ၎င်းတို့ကို အားပေးသည့် မီဒီယာများရော၊ အင်တာနက် ဆိုရှယ်မီဒီယာတွင်ရော တင်ပါကြောင်း၊ နိုင်ငံခြားသတင်းမီဒီယာများတွင်လည်း ပျံ့နှံ့နေမှုများလည်းရှိကြောင်း၊ မည်သို့ပစ်သည်ကို Video ဖိုင်နှင့် ပြလိုပါကြောင်း ပြောကြား၍ Video ဖိုင်ကို ပြသသည်။

## နိုင်ငံတကာကျင့်စဉ်များနှင့် ငြိနိုင်

နိုင်ငံတကာတွင် စစ်အသုံးအဆောင်ပစ္စည်းများကို သုံးစွဲပစ်ခတ်ခြင်းသည် တိကျရမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မှုများသည် နိုင်ငံတကာကျင့်စဉ်များနှင့် ငြိနိုင်ပါကြောင်း၊ ၎င်းတို့သုံးနေကျစကားလုံးဖြစ်သည့် ရမ်းသန်းပစ်ခတ်နေခြင်းဖြစ်ကြောင်း၊ ကုန်းပေါ်ကျထင်းရ၊ ရေထဲကျငါးရ၊ ရွာထဲကျ ဒလန်ရ ဆိုသည်မျိုးကို မျက်မြင်တွေ့ရလိမ့်မည် ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ လက်တန်းနှင့်တွေ့ကရာပစ္စည်းကိုယူ လက်နက်ကြီးဆိုပြီးထုတ်၊ ထင်ရာမြင်ရာပစ်နေမှုများက မည်သူ့ကိုပစ်နေသလဲ၊ မည်သူများကို ပိုထိခိုက်သလဲဆိုသည်ကို မြင်စေချင်ခြင်းသာဖြစ်ကြောင်း၊ မြန်မာ့အကျိုးကိုမလိုလားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများက မြောက်ပင့်ပေးနေသည်များ ရှိကြောင်း၊ အလှူငွေ ပေးနေသည်များလည်းရှိကြောင်း၊ မိမိယခင်အပတ်က ပြောခဲ့သလို "ခင်ဗျားတို့ပေးတဲ့ အလှူငွေတွေ၊ ထောက်ပံ့အားပေးမှုတွေဟာ မြန်မာပြည်သူအချင်းချင်းသတ်ဖို့၊ မြန်မာပြည်သူအချင်းချင်း ရမ်းသန်းပစ်ခတ်ဖို့၊ သေချင်တဲ့သူသေဖို့" ဆိုသကဲ့သို့ဖြစ်နေကြောင်းကို အသိပေးပြောကြားလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်နေသည်နှင့်အမျှ အပြစ်မဲ့သူများ များစွာ သေဆုံးနေဦးမည်ဖြစ်ကြောင်း ပြောကြားသည်။

## နိုင်ငံရေးပါတီများ စစ်ဆေးခြင်း

ဆက်လက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် (က)မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ (ခ) နိုင်ငံရေးပါတီများ စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ဖြစ်ကြောင်း။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ငါးရပ်အနက် လုပ်ငန်းစဉ်(၅)ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမည့် တာဝန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ပါကြောင်း။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းတာဝန်ကို ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးပြီး ပမာဏကြီးမားသည့်လုပ်ငန်းအနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းဖြစ်ပြီး ယင်းလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလနှစ်ခုလုံးတွင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့် **"ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"**များစာရင်းကို ပြုစုရမည်ဖြစ်ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ မပါရှိစေရေးကိုလည်း စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၁ သို့** ❍



❍ စာမျက်နှာ ၁၀ မှ

သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့သည် အထက်ပါ မဲပေးပိုင်ခွင့်ရှိသူတိုင်းကို ယင်းတို့ကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)တို့ကို တိုက်ဆိုင်စစ်ဆေးပြီး မဲစာရင်းတွင် ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်သည့်နေရာတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင် ပါရှိရန် လိုအပ်သကဲ့သို့ မဲပေးခွင့်မရှိသူများမပါရှိရေးကိုလည်း ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဖောင်းပွမှားယွင်းမှုမရှိစေရေး အလေးထားဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများကို စိစစ်သည့်အခါ မဲမသမာမှုဖြစ်စေသည့် မဲစာရင်း ၁၁ ဒသမ ၃ သန်းကျော် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ဒသမ ၅၄ **ရာခိုင်နှုန်းကိုတွေ့ရှိရကြောင်း၊** ထို့ကြောင့် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် ဖောင်းပွမှားယွင်းမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲစာရင်းပြုစုရာတွင် အခြေခံရမည့်စာရင်းများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့်လူဦးရေစာရင်း (မသန်စွမ်းသူများအပါအဝင်)တို့ကို ရယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ကောက်ယူပြုစုထားသည့် မြေပြင်လူဦးရေစာရင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းများကို တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်ရွက်ပြီးမြို့နယ် ၂၀၀၊ ဆောင်ရွက်ဆဲ ၁၀၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၂၁ မြို့နယ်ဖြစ်ကြောင်း၊ ဆောင်ရွက်ရန်ကျန်သည့်မြို့နယ်များအနေဖြင့် ကယားပြည်နယ် နှစ်မြို့နယ်၊ ချင်းပြည်နယ် ခုနစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရှစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး လေးမြို့နယ်တို့ဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းသို့ တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးနောက်တွင် အခြေခံစာရင်းနှစ်ခုအရ မြေပြင်အခြေအနေနှင့် ကိုက်ညီမှန်ကန်မှုရှိသည့် စာရင်းဇယားများနှင့် ထပ်မံစစ်ဆေးပြီး အတည်ပြုဆောင်ရွက်ရမည့် စာရင်းဇယားများ ရရှိမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများသို့ ပေးပို့ကာ မြေပြင်တိုက်ဆိုင်စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများထံမှ စိစစ်ပြန်ကြားချက်များရရှိပြီးနောက်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းလုပ်ငန်းစဉ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကော်မရှင်အဖွဲ့ခွဲရုံး မြေနေရာများ၊ အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးခြင်း**



**မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိ**

ဆက်လက်ပြီး နိုင်ငံရေးပါတီများ စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိပြီး ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၇၄ ပါတီနှင့် တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုအတွင်းတွင်သာ စည်းရုံးမည့်ပါတီ ၁၈ ပါတီဖြစ်ကြောင်း၊ ၎င်းတို့အနက် တိုင်းရင်းသားပါတီ ၄၈ ပါတီ ပါရှိကြောင်း၊ ယင်းပါတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ အပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန်တာဝန်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၄ အရ ပါတီပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သတ်မှတ်သည့်အတိုင်း စာရင်းဇယားများ စနစ်တကျပြုစုထားရှိခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာပါတီဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီများ၏ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးများဖြစ်ကြကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့တွင် “ **ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းထံမှ အကူအညီ ရယူနိုင်သည်**”ဟု ဖော်ပြထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို ယခင်က မစစ်ဆေးနိုင်ခဲ့ဘဲ ယခုအခါ စစ်ဆေးရန်လိုအပ်သည့်အတွက် ပါတီအားလုံးကို တစ်ပြေးညီစစ်ဆေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ စစ်ဆေးရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခေါင်းဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများစစ်ဆေးရန်အတွက် ကြိုတင်အသိပေးခြင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website မှ လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ E-mail သို့လည်းကောင်း၊ ရုံးစာဖြင့်လည်းကောင်း၊ ပါတီဌာနချုပ်ရုံးစိုက်ရာ ကော်မရှင်အဖွဲ့ခွဲမှ လည်းကောင်း ဆက်သွယ်အကြောင်းကြား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ပါတီဖွဲ့စည်းပုံနှင့် အင်အားများစစ်ဆေး**

ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁ ပါ ပါတီဖွဲ့စည်းပုံနှင့် အင်အားများစစ်ဆေးခြင်း၊ ဥပဒေပုဒ်မ ၁၅ ပါ ပါတီဝင်ကြေး၊ လစဉ်ကြေးများ၊ ပြည်တွင်း အလှူရှင်များက လှူဒါန်းသောငွေကြေးနှင့် ပစ္စည်းစာရင်းနှင့် ပါတီပိုင်စီးပွားရေးလုပ်ငန်းများ စစ်ဆေးခြင်း၊ ဥပဒေပုဒ်မ ၁၆ ပါ ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ နည်းဥပဒေ ၁၉ နှင့်အညီ ပါတီပိုင်ရန်ပုံငွေများ၊ ပါတီပိုင်ပစ္စည်းများနှင့်ပတ်သက်သည့် စာရင်းဇယား၊ မှတ်တမ်းစာအုပ်များ စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်းရှိ/မရှိစစ်ဆေးခြင်း၊ နည်းဥပဒေ ၂၁ နှင့်အညီ ပါတီကိုယ်စားပြုပြီး ရွေးကောက်ခံသော ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ပွဲ အသုံးစရိတ်စာရင်းများ စနစ်တကျ ပြုစုထားခြင်းရှိ/မရှိစစ်ဆေးခြင်း၊ ဥပဒေပုဒ်မ ၁၇ နှင့် နည်းဥပဒေ ၂၂ တို့နှင့်အညီ ပါတီ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ နှစ်ချုပ်စာရင်း ပြုစုခြင်း၊ ပါတီတွင်း စာရင်းစစ်ကော်မတီထားရှိ စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း အပါအဝင် လိုအပ်သောစာရင်း၊ ဇယားများကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ ယင်းသို့ စစ်ဆေးရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခေါင်းဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာပါတီဌာနချုပ်အခြေစိုက်သည့် တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် အစိုးရရုံးဌာနများတွင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ်နောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ယခုအခါ တစ်နှစ်နီးပါးကာလရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်းတွင် ၅၁ ပါတီကို စစ်ဆေးပြီးစီးခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင် ယခု ဇွန်လဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့သည့် ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီအပါအဝင် ၃၄ ပါတီ စစ်ဆေးပြီးဖြစ်၍ ယနေ့အထိ စစ်ဆေးပြီးပါတီပေါင်း ၈၅ ပါတီဖြစ်ကြောင်း၊ ယင်းတို့အနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို ယင်း၏တင်ပြချက်အရ ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆေးရန်ကျန်သည့်ပါတီ ရှစ်ပါတီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုနည်းတူ လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အရေးကြီးသည့်လုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်၊ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ နည်းပညာအသုံးပြုစစ်ဆေးခြင်းနှင့် စနစ်တကျသိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းအင်အားဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံဖြစ်သည့် ရုံးများဖွဲ့စည်းတည်ဆောက်ခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **ဆက်လက်ဖော်ပြပါမည်။**

**“ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်အတွင်းတွင် ၅၁ ပါတီကို စစ်ဆေးပြီးစီးခဲ့ပြီး ၂၀၂၂ ခုနှစ် အတွင်းတွင် ယခုဇွန်လဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့သည့် ဖိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီအပါအဝင် ၃၄ ပါတီစစ်ဆေးပြီးဖြစ်၍ ယနေ့အထိ စစ်ဆေးပြီးပါတီပေါင်း ၈၅ ပါတီဖြစ်ကြောင်း၊ ယင်းတို့အနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို ယင်း၏တင်ပြချက်အရ ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆေးရန်ကျန်သည့်ပါတီ ရှစ်ပါတီဖြစ် ”**

# ဒီလို အောင်မြင်ဖို့အတွက် စာသင်နှစ်အစကတည်းက တစ်နေ့စာတစ်နေ့ မှန်မှန်လုပ်ဖြစ်တဲ့အပြင် သင်ပြီးတဲ့စာတွေကိုလည်း အချိန်မှန် ပြန်လေ့ကျင့်ပါတယ်

**ခြောက်ဘာသာဂုဏ်ထူးရှင် မအိမ့်မှူးခင်**


မအိမ့်မှူးခင်


ကျောင်းအုပ် ဆရာကြီး ဒေါက်တာသန်းထိုက်စိုး


မောင်မင်းဟိန်း


ဦးဇော်ဦး

**မန္တလေး ဇွန် ၁၈**

၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင် စာရင်းများကို မန္တလေးမြို့ရှိ သက်ဆိုင်ရာစာစစ်ဌာန ကျောင်းများ၌ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဇွန် ၁၇ ရက်က တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီး အနေဖြင့် ဖြေဆိုသူ ၃၃၅၄၈ ဦးရှိပြီး အောင်မြင်သူ ၁၆၇၄၇ ဦးရှိကာ အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၉ ဒသမ ၈၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများအနေဖြင့်လည်း စနစ်တကျ ကြည့်ရှုနိုင်ကြစေရန် ကြီးကြပ်ဆောင်ရွက်ပေးသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ ကျောင်းအနေနဲ့ ကျောင်းသား ကျောင်းသူ ၁၀၀ ဝင်ရောက်ဖြေဆိုရာမှာ ၆၇ ဦး အောင်မြင်ပါတယ်။ အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၆၇ရာခိုင်နှုန်းဖြစ်ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင် လေးယောက်၊ ငါးဘာသာဂုဏ်ထူးရှင်လည်း လေးယောက်ဖြစ်ပါတယ်။ ဂုဏ်ထူးထွက်တဲ့အရေအတွက်အနေနဲ့ ၃၄ ယောက်ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ကျောင်းက ဆရာ ဆရာမတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ သင်ကြားပြသပေးမှု၊ မိဘတွေရဲ့ပံ့ပိုးမှုအပြင် ကျောင်းသား ကျောင်းသူတွေလည်း အကောင်းဆုံးကြိုးစားကြလို့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝမ်းသာမိပါတယ်"ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့်အပြင် မြန်မာတစ်နိုင်ငံလုံးတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည့် မအိမ့်မှူးခင်က "သမီးကအမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲမှာ မြန်မာတစ်နိုင်ငံလုံး ပထမအဆင့်နဲ့ အောင်မြင်ခဲ့ပါတယ်။ ဒီလို အောင်မြင်ဖို့အတွက် စာသင်နှစ်အစကတည်းက တစ်နေ့စာတစ်နေ့ မှန်မှန်လုပ်ဖြစ်တဲ့အပြင် သင်ပြီးတဲ့စာတွေကိုလည်း အချိန်မှန် ပြန်လေ့ကျင့်ပါတယ်။ သမီး ကလေးဘဝကတည်းက အခုအချိန်အထိ စာတွေသင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ အခုတက္ကသိုလ် ဝင်တန်းစာမေးပွဲမှာလည်း သေသေချာချာသင်ကြားပြသပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း စတင်တက်ရောက်တဲ့အချိန်မှာတော့ အမှတ်ကောင်းရမယ်၊ ဂုဏ်ထူးလည်းထွက်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးတော့ရှိခဲ့တယ်။ ဒါပေမယ့်အခုလို တစ်နိုင်ငံလုံးပထမရမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ပထမအဆင့်ရခဲ့တဲ့အပေါ်မှာ ဝမ်းသာမိပါတယ်။ သမီးရဲ့ အဖေနဲ့ အမေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲမှာ ဘယ်လိုရလဒ်တွေပဲထွက်ထွက် အနာဂတ်အတွက် တတ်နိုင်သမျှအကောင်းဆုံးကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် အောင်စာရင်းထုတ်ပြန်သည့် နံနက် ၄ နာရီတွင်လည်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဝက်ဘ်ဆိုက်ဖြစ်သော www.myanmarexam.org တွင်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများ ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်မင်းဟိန်းကလည်း " စာမေးပွဲမဖြေခင်ကတည်းက ကျွန်တော်လေးဘာသာမှန်းခဲ့တာပါ။ အခု မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း ဂုဏ်ထူးရရှိတဲ့သူတွေ အများကြီးရှိပါတယ်။ အောင်စာရင်းကိုတော့ စာစစ်ဌာနတွေမှာ လာရောက်ကြည့်ရှုကြသလို အွန်လိုင်းကနေလည်း ကြည့်ရှုလို့ရအောင် စီစဉ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ အိမ်ကတော့ ကျွန်တော်အမှတ်မီရင် ဆေးကျောင်းတက်စေချင်တယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ဖို့အတွက် တစ်နေ့စာတစ်နေ့လုပ်သွားပြီး ဘယ်လောက်ပဲ ခက်ခဲခက်ခဲ စိတ်ဓာတ်မကျဘဲ ကြံ့ခိုင်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ရင် အောင်မြင်မှုရရှိမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ အဖေနဲ့အမေကို ပျော်ရွှင်စေချင်တဲ့ခံစားချက်နဲ့ ကြိုးစားခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘဖြစ်သူ ဦးဇော်ဦးက " ကျွန်တော့်သားက ဂုဏ်ထူးတစ်ဘာသာနဲ့ အောင်မြင်ပါတယ်။ ဒီလို ဂုဏ်ထူးပါဝင်တဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အခက်အခဲအမျိုးမျိုးကြားကနေ စာမေးပွဲဖြေကြားနိုင်အောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အမှတ်စာရင်း ထွက်လာတဲ့အခါမှာ သားလေးဝါသနာပါတဲ့ ပညာရပ်တွေကို ဆက်လက်သင်ကြားနိုင်အောင် စီစဉ်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အများကိုအကျိုးပြုတဲ့ ပညာရပ်တွေကို တတ်စေချင်ပါတယ်" ဟုပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဝက်ဘ်ဆိုက်မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသော ဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက် အဆက်အသွယ်ကောင်းစွာ မရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း ကြေညာပေးခဲ့သည်။

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲ၌ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ တစ်ဦး စုစုပေါင်း ၁၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၀ ဦးအောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး စုစုပေါင်း ခြောက်ဦးဂုဏ်ထူးရရှိခဲ့ကာ အောင်ချက်ရာခိုင်နှုန်း အနေဖြင့် ၉၀ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့ကြောင်း မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးချွန်က ပြောကြားသည်။

**မောင်အေးချမ်း**

---



## ဒိုက်ဦးမြို့နယ်၌ စက်ဖြင့်ပျိုးထောင်ခြင်း သရုပ်ပြ

**ဒိုက်ဦး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ တောင်သူ ဦးစောဝင်းနိုင်၏လယ်၌ ဇွန် ၁၆ ရက်က စက်မှုလယ်ယာဦးစီးဌာန အမှတ် (၂၄) စက်မှုလယ်ယာစခန်းမှ စက်ဖြင့်ပျိုးထောင်ခြင်း သရုပ်ပြပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဒိုက်ဦးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသီဟကျော်စွာက စက်ဖြင့်ပျိုးထောင်နည်းအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းသရုပ်ပြပြီး စက်ဖြင့်ပျိုးထောင်ခြင်းဖြင့် လူလုပ်သားအင်အားရှားပါးမှုကို ဖြေရှင်းနိုင်ခြင်းနှင့် လယ်ယာလုပ်ငန်းခွင်တွင် စက်မှုလယ်ယာစနစ်ပြည့်ဝစွာ ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာရောက်ကြောင်း ပြောကြားသည်။

**ကျော်ကျော်(ဒိုက်ဦး)**

---

**○ ရန်ကုန်မြို့မှ**

ရန်ကုန်တိုင်းဒေသကြီး အနောက်တောင်ဒေသနယ်မြေအား မြေပုံစကေး ၁ : ၁၀၀၀၀ တို့ဖြင့် Digital Topographic Map အား အခြေခံ၍ ရေးဆွဲခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းတို့သည် အနာဂတ်တွင် မြေတိုင်းရည်ညွှန်းစခန်း (CORS) ငါးခုနှင့် Data Center ထွက်ပေါ်တည်ဆောက်နိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနမှူး ဒေါ်တင်တင်ကြည်၏ ပြောကြားမှုအရ သိရသည်။

ရန်ကုန်မြို့ မြေပြင်ရှိ အဆောက်အအုံများဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ခံခြင်းလုပ်ငန်းသည် အနာဂတ်အတွက် အရေးပါသောလုပ်ငန်းများ ဖြစ်လာမည်ဖြစ်၍ မြို့ပြစီမံကိန်းမှ ဝန်ထမ်းများ၊ JICA Team မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ အုပ်စု ၁၇ စုဖွဲ့ကာ Mobile Phone ၃၄ လုံး၊ Camera ၃၄ လုံး၊ GIS Software ကို အသုံးပြု၍ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုနှင့်အတူ ထိုရုံးပေါ်မှ GIS ကျွမ်းကျင်ပညာရှင်များကလည်း အချိန်နှင့်တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း မြို့ပြစီမံကိန်းဌာနမှူးက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ခြင်းကြောင့် ရန်ကုန်မြို့ပြ ၃၃ မြို့နယ် စတုရန်းကီလိုမီတာ ၇၉၀ ဧရိယာအတွင်း အဆောက်အအုံ တစ်သန်းဝန်းကျင်တွင်နေထိုင်နေသော ပြည်သူ ခုနစ်သန်းကျော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်သွားလာမှု၊ ကုန်စည်စီးဆင်းမှုများ ဘေးကင်းလုံခြုံမှုအပြင် နေထိုင်သူ မြို့ပြပြည်သူများ၏ ယာဉ်ရပ်နားနေရာများ၊ ကိုယ်ကာယကျန်းမာရေး နေရာများနှင့် မရှိမဖြစ်လိုအပ်သော အစိမ်းရောင် မြက်ခင်းနေရာများကိုလည်း ပူးတွဲဖော်ထုတ်ပေးပြီး မြေပုံတွင်ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ဇုန်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် အသိပညာရှင် အတတ်ပညာရှင်များ၏ အကြံပြုချက်အပေါ်မူတည်၍ ဇုန်သတ်မှတ်ချက်အလွှာများကို ဆောင်ရွက်ခဲ့ရာ လူနေ လေးမျိုး၊ စီးပွားရေး နှစ်မျိုး၊ စက်မှု နှစ်မျိုးဖြင့် စုစုပေါင်းအလွှာရှစ်လွှာဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များဖြစ်သည်။

ယခုအကောင်အထည်ဖော်ဆောင်ရွက်နေသောခေတ်မီ (Informative Digital Map) ထွက်ပေါ်လာချိန်တွင် ရရှိလာမည့် အကျိုးကျေးဇူးများမှာ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ရှင်းလင်းတိကျသော ဇုန်သတ်မှတ်ချက်များကို ဖော်ထုတ်နိုင်ခြင်း၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဇုန်သတ်မှတ်ချက်နှင့်အညီ စိစစ်၍ လွယ်လင့်တကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ပြည်သူများနေထိုင်ရာ ပတ်ဝန်းကျင်အတွင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ဘေးကင်းလုံခြုံအေးချမ်းစွာ နေထိုင်နိုင်ခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့သော၊ ညီညွတ်မျှတသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရေးအတွက် အထောက်အကူပြုခြင်း၊ စိမ်းလန်းမြေဧရိယာနှင့် အထင်ကရသမိုင်းဝင် မှတ်တိုင်များ၊ အဆောက်အအုံများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု အထောက်အကူများလည်း ရရှိမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်နေသော မြို့ပြစီမံကိန်း တာဝန်ရှိသူက ပြောကြားသည်။

**သတင်း၊ ဓာတ်ပုံ - စောရွှေဝှန်း**

# အမေရိကန်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ အန်ထော်နီ ဖောက်ချီ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာအန်ထော်နီ ဖောက်ချီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ခါတ်မတည့်မှုနှင့် ကူးစက်ရောဂါများဆိုင်ရာ အမျိုးသားအင်စတီကျု ဒါရိုက်တာလည်းဖြစ်သည့် အန်ထော်နီဖောက်ချီသည် ၎င်းထံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရကြောင်း ဆေးစစ်ချက်ရလဒ်အရ သိရသည်။

အသက် ၈၁ နှစ်အရွယ်ရှိပြီဖြစ်သည့် ဖောက်ချီသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံထားသည့်အပြင် ထပ်ဆောင်းကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရောဂါပြင်းထန်စွာ ခံစားရခြင်းမရှိသေးကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့သည့်အချိန် ၂၀၂၀ ပြည့်နှစ်မှစပြီး အန်ထော်နီဖောက်ချီသည် အမေရိကန်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဆောင်ရွက်ချက်များကိုကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် အိမ်ဖြူတော်ဆေးဘက်ဆိုင်ရာအကြံပေးအဖြစ်လည်းတာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

အန်ထော်နီဖောက်ချီသည် ရက်သတ္တနှစ်ပတ်အတွင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အပါအဝင်အခြားသောထိပ်တန်းခေါင်းဆောင်များနှင့် အနီးကပ်တွေ့ဆုံခြင်းမရှိခဲ့ပေ။ ရောဂါပပျောက်ကင်းစင်သည့်တိုင် နေအိမ်မှတစ်ဆင့် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်။ တစ်ရက်လျှင် ရောဂါကူးစက်ခံရသူ တစ်သိန်းခန့်စစ်ဆေးတွေ့ရှိရပြီး သေဆုံးသူ ၃၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ အိုမီခရွန်မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ်များဖြစ်သည့် BA.4 နှင့် BA.5 တို့ကူးစက်မှုကြောင့် ရောဂါကူးစက်မှုအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။




ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ရိုမေးနီးယားနိုင်ငံက နော်ဝေနိုင်ငံမှ တစ်ပတ်ရစ် F-16 ဂျက်လေယာဉ် ၃၂ စင်းဝယ်ယူမည်

ဘူခါရက် ဇွန် ၁၈

ရိုမေးနီးယားနိုင်ငံသည် နော်ဝေနိုင်ငံမှ တစ်ပတ်ရစ် F-16 ဂျက်လေယာဉ် ၃၂ စင်း ဝယ်ယူမည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ရိုမေးနီးယားနိုင်ငံသည် F-35 ဂျက်လေယာဉ်များအသုံးပြုရေး အသွင်ကူးပြောင်းနေဆဲကာလအတွင်း အဆိုပါနော်ဝေနိုင်ငံမှ ဝယ်ယူမည့် F-16 ဂျက်လေယာဉ်များအား အနည်းဆုံး ၁၀ နှစ်ကြာအသုံးပြုရန် စီစဉ်ထားကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တိုက်လေယာဉ်နှစ်စင်း ဝယ်ယူမည့်ကုန်ကျစရိတ်ယူရို ၃၅၄ သန်းအပါအဝင် ရိုမေးနီးယားနိုင်ငံ၏ နော်ဝေနိုင်ငံမှ ဝယ်ယူမည့် လေယာဉ်များအတွက် ခန့်မှန်းကုန်ကျစရိတ်သည် ယူရို ၄၅၄ သန်း (အမေရိကန်ဒေါ်လာ ၄၈၁ သန်း)ရှိမည်ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံမှ F-16 ဂျက်လေယာဉ်များသည် နှစ်ပေါင်း ၄၀ ကျော်ကြာ နိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးတွင် အသုံးပြုခဲ့ပြီး ယခုနှစ်နှစ်စပိုင်းတွင် အဆိုပါ F-16 ဂျက်လေယာဉ်များ၏ နေရာတွင် F-35 ဂျက်လေယာဉ်များဖြင့် အစားထိုးခဲ့ကြောင်း သိရသည်။

ရိုမေးနီးယားလေတပ်သည် ၂၀၁၆ ခုနှစ်နောက်ပိုင်းမှ စတင်ကာ လက်ရှိအချိန်အထိ ပေါ်တူဂီနိုင်ငံမှ F-16s အမျိုးအစားဂျက်လေယာဉ် ၁၇ စင်းဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၇၂ ဦးရှိလာ

လော့စ်အိန်ဂျလိစ် ဇွန် ၁၈

အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၇၂ ဦးရှိလာကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

မျောက်ကျောက်ရောဂါကူးစက်ခံရသူများအား နယူးယောက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်အပါအဝင် ပြည်နယ် ၁၈ ခုတွင် တွေ့ရှိရကြောင်းနှင့် အဆိုပါပြည်နယ်တစ်ခုစီတွင် ရောဂါကူးစက်ခံရသူ ၁၅ ဦးစီတွေ့ရှိရကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါကူးစက်မှုသံသယရှိသူဦးရေ ရာနှင့်ချီရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

မျောက်ကျောက်ရောဂါလက္ခဏာများဖြစ်သည့် ကိုယ်ခန္ဓာပေါ်တွင် အနီအဖုအပိမ့်များခံစားနေရသည့် လူနာများအား အနီးကပ်စောင့်ကြည့်သွားရန် လိုအပ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများအား သတိပေးပြောကြားထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၀၄ ဦး ထပ်မံတွေ့ရှိ

ဝယ်လ်လင်တန် ဇွန် ၁၈

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၄ ဦးထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ရှစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၃၁၈ ဦးသည် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့တွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၁ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းလည်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၂၆၃၃၃၃ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွားအားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာ ကိုင်ဆောင်ထားသူများအားလုံးအတွက် နယ်စပ်ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူ ၁၃၀၀၀ ကျော်တွေ့ရှိ

နယူးဒေလီ ဇွန် ၁၈

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၁၆ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၃၂၈၃၇၉၃ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူအများစုမှာ ကီရာလာ၊ မဟာရတ်စ်ထရာနှင့် ဒေလီမြို့များမှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

ဇွန် ၁၆ ရက်တွင် ရောဂါတွေ့ရှိသူ ၁၂၂၁၃ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။ ယခုရက်အနည်းငယ်အတွင်း ရောဂါတွေ့ရှိမှုအရေအတွက်သည် အနည်းငယ်ပိုမိုမြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ ဦးသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၈၄၀ အထိရှိလာပြီဖြစ်သည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၂ ဒသမ ၇၃ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်းကူးစက်မှုနှုန်းမှာ ၂ ဒသမ ၄၇ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၈၁၀၈ ဦး ရှိသည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၁၄၈ ဦးကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၆၉၀၈၄၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

■



## မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အနီးတွင် လီလောက်ဆန်း မောင်းနှင်လာသည့် Hijet ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် ဂေါ်ဖီထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၀ ဒသမ ၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


လီလောက်ဆန်းကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၈

ဖားကန့်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအနီး ဆိပ်မူ–ဖားကန့်သွားကားလမ်းတွင် မဂျာဆိုင်းဘူ မောင်းနှင်ပြီး မအေးပွင့်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ ကိုလည်းကောင်း၊ အလားတူ ဇွန် ၁၇ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီး သံရွာစစ်ဆေးရေးဂိတ်တွင် Mazada Familia ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ဝင်းကိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊ ထို့အတူ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအနီး လားရှိုး–တန့်ယန်းသွားကားလမ်းတွင် ကောက်စံ့မောင်းနှင်ပြီး မကွမ်းမေလိုက်ပါလာသည့် Isuzu Double Cap ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၈၇ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ထိန်းချုပ်ဓာတုပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ၆၄(အေ) လမ်း ၁၁၂ လမ်းနှင့် သံလမ်းကြားရှိ မြေစိုက်ဂိုဒေါင်တွဲလျက် ငါးခန်းကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၃၃၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းအဝင်လမ်းထိပ်၌ တရားမဝင် တောင်သရက်သစ်ခွဲသား ၄ ဒသမ ၂၈၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၁၃၂) နှင့် အဆိုပါ သစ်များတင်ဆောင်လာသော ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၀၀၁၃၂ အား ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၇ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု ဘူတာပိုင်း၌ တရားမဝင် အမိုနီယမ်နိုက်ထရိတ် ၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉,၂၀၀,၀၀၀)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရလည်းကောင်း၊ ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Lactasoy Soymilk ၃၂၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၀၀၀) အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၃၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Electric Frying Pan အိုး ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၇ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးဦးစီး၍ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ၁၂ ဘီး ကုန်တင်ယာဉ် နှစ်စီးပေါ်မှ စားသောက်ကုန်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇွန် ၁၈ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ခပေါင်းကြိုးဝိုင်းနှင့် သာယာဝတီခရိုင် သဲဝါကြိုးဝိုင်းတို့အတွင်း တရားမဝင်ကျွန်းသစ် ၈ ဒသမ ၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၆၅၂၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၉၄၅၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇွန် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်အတွင်း တရားမဝင် ဓာတ်ဆီ ၂၉၂ ဂါလန်နှင့် ဒီဇယ် ၁၅၆ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၇၆၀၀)အား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်တွင် BMW အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၄၇၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၆၆၂၅၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၁၉-၆-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD
၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့် သက်ဆိုင်သော အနာဂတ်ဒီဇိုက်ရေစီ
၀၉:၁၀ တရုတ်ကာတွန်း "ပါးကွေ့၏စွန့်စားခန်း" (အပိုင်း–၄)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ "အလှကမ္ဘာမြေ" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၅ အသိပညာနှင့်အမှန်တရား
၁၃:၀၀ MRTV National News
၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'မို့တစ်ပေါက်'
၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၀ စစ်မီးငြိမ်းချိန်တန်ပါပြီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း–၉၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ
၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ချစ်လွန်းကေသီ'

mitv
07:02 Suvanna Sama (Hnin Yee Thant)
07:10 Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
07:37 Traditional Thatch Roof - Thet Nge
07:51 Trishaw Man
08:01 19 Hours
08:26 Today Myanmar
08:34 Lucrative Myanma Rattan Industry
08:53 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
09:01 News
09:27 Global Partnership for Brighter Future: Zambia Pavilion at Expo 2020 Dubai
09:36 The Longest Living Siblings (Part-2)

MRTV NRC
အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ဒေါ်ဒင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)
ချင်းရိုးရာအစားအစာဘူဘယ်ရိချက်ပြုတ်နည်း
ချင်း (ဒိုင်) (၀၉:၀၀ မှ ၁၀:၀၀)
လည်ပတ်ချင်စရာချပ်ကျေးရွာ (အပိုင်း–၂)
မွန် (၁၀:၀၀ မှ ၁၂:၀၀)
ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
ထိန်းသိမ်းစိုလေရိုးရာအမွေ
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
ရိုးရာဒေါက်စီး(ဒေါ်)ရှမ်းထမင်းသုပ်
ဝ (၁၆:၀၀ မှ ၁၈:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၁၃)
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
ခွာရိုးရာဒေါင်းပေါင်းပေါင်းနည်း
ကယား (၂၀:၀၀ မှ ၂၂:၀၀)
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ
ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)
သင်ယူလေ့လာတို့ရုံစာ (အပိုင်း–၇)

MRTV NEWS
၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၁၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT
၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၇)
၁၁:၀၀ နိုင်ငံတကာရွေးချယ်တင်မြှောက်ပုံစနစ် (ဂျပန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း–၇)

MRTV FARMERS'
၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၅ သုတဝေစည်တောင်သူသိ
၀၇:၀၀ တောင်သူတစ်နေ့တာ
၀၇:၄၅ မွေးမြူရေးရာအဖြာဖြာ
၀၉:၃၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲစင်းငုံဟင်းစုံချက်ပြုတ်စားကြစို့
၀၉:၅၀ ကျန်းမာသုခပြည့်စုံဖို့ GAP စနစ်ဖြင့် စိုက်ကြပါစို့

MRTV SPORTS
၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အင်ဖူးကျေးရွာနေ မျိုးထွေးသည် ၎င်းအသုံးပြုသည့် "Myo Htwe" Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် စည်ပင်လေးခန်းတွဲ၊ ဆိုင်ခန်းအမှတ်(၂/၃)၊ တော်ဝင်နှင်းဆီစတိုး၊ ကုံကော်အိမ်ရာ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဟေမာနိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Nay Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ယဉ်ဝင်းထွန်း၊ ခင်ညိုနှင့် သီတာတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် "Yin Win Htun" Facebook အကောင့်၊ "Khin Nyo" Facebook အကောင့်နှင့် "Thida" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နေ ထွန်းလင်းအောင်သည် ၎င်းအသုံးပြုသည့် "Htun Lin Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ☆ PDF မှ

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။




မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ အင်္ဂဘိုအခြေခံပညာအထက်တန်းကျောင်း၌ လက်လုပ်အသံမိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ အင်္ဂဘိုအခြေခံပညာအထက်တန်းကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏ သုံးထပ်စာသင်ဆောင်၏ နောက်ကျောဘက်၊ ကျောင်းဝင်း၏ အပြင်ဘက်တွင် လက်လုပ်အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် စာသင်ဆောင်၏ မျက်နှာကြက် နှစ်ချပ်နှင့် တံခါးမှန် နှစ်ချပ်တို့ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ခြိမ်းခြောက်စာ**


ထို့ပြင် ဇွန် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် နယ်မြေ(၁)ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ အဝင်ပေါက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က "အလက(ခွဲ)မှ ဆရာမ နှစ်ဦးအား လုံခြုံရေးသတိပေးခြင်း၊ ကျောင်းသား/သူ၊ မိဘများ နေရာရှင်းပြီး လွတ်လပ်စွာနေပေးပါရန် မေတ္တာရပ်ခံပါသည်၊ ဦးတည်ရာ ဆရာမ နှစ်ဦးသို့၊ နေပြည်တော် PDF ကျားညီနောင်"ဟု ရေးသားထားသည့် ခြိမ်းခြောက်စာ တစ်စောင်အား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ တွင်ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပိုက်တန်းကျေးရွာရှိ ပိုက်တန်းအခြေခံပညာမူလတန်းကျောင်း အဝင်ခြံစည်းရိုးသံတံခါးကြား၌ ခြိမ်းခြောက်စာတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏ ခြံစည်းရိုးသံတံခါးကြားတွင် ညှပ်ထားသည့် ဗလာစာရွက်ပေါ်တွင် "ကျောင်းဆရာ/ဆရာမတွေ တစ်ယောက်ချင်းစီ သတ်ပစ်မယ်၊ အခု ကျောင်းကို ပိတ်ပစ်ပါ၊ မပိတ်ရင် ကျောင်းသားအားလုံးကို သတ်ပစ်မယ် PDF"ဟု စာသားများပါရှိသည့် ခြိမ်းခြောက်စာ တစ်စောင်အား တွေ့ရှိရသဖြင့် သိမ်းဆည်းရှင်းလင်းခဲ့ကြောင်း သိရသည်။


**စုံစမ်းဖော်ထုတ်လျက်ရှိ**

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် နယ်မြေ(၁)ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ အဝင်ပေါက်၌ ခြိမ်းခြောက်စာတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပိုက်တန်းကျေးရွာရှိ ပိုက်တန်းအခြေခံပညာမူလတန်းကျောင်းအဝင် ခြံစည်းရိုးသံတံခါးကြား၌ ခြိမ်းခြောက်စာတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၇၅ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၂၅ | ၂၇၃၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၃ | ၂၂၁၉ |
| 95 Ron | ၂၂၃၀ | ၂၃၀၈ |
| HSD (500 ppm) | ၂၅၇၁ | ၂၆၅၂ |
| HSD (50 ppm) | ၂၅၉၉ | ၂၆၈၀ |
| HSD (10 ppm) | ၂၅၉၉ | ၂၆၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေသြဇာဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၈**

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသည် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိ သက်ဆိုင်ရာအရောင်းဆိုင်များ၌ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကိုမြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၈၆၂၁ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## ယူရီးယားမြေသြဇာများအတွက် ရည်ညွှန်းဈေးနှုန်းများ

၂၀-၆-၂၀၂၂

**50 Kg ပါ တစ်အိတ်ဈေးနှုန်းဖြစ်ပါသည်။**

| ကုန်ပစ္စည်း | ရန်ကုန် ဂိုဒေါင်ဈေး | နေပြည်တော် - ပျဉ်းမနား/ လယ်ဝေး | နေပြည်တော် - တပ်ကုန်း | မကွေး - မကွေး | မကွေး - စလင်း/ ပွင့်ဖြူ | မန္တလေး | စစ်ကိုင်း - မုံရွာ | စစ်ကိုင်း - ရေဦး/ ရွှေဘို | ရန်ကုန် - သုံးခွ | ရန်ကုန် - ထန်းတပင် | ရခိုင် - စစ်တွေ | ရခိုင် - မောင်တော |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ယူရီးယား မြေသြဇာ | ၈၆၀၀၀ | ၈၈၆၀၀ | ၈၈၈၀၀ | ၈၉၀၀၀ | ၈၉၁၀၀ | ၈၈၆၀၀ | ၈၉၅၀၀ | ၈၉၈၀၀ | ၈၈၀၀၀ | ၈၆၅၀၀ | ၉၂၆၀၀ | ၉၉၄၀၀ |

| ကုန်ပစ္စည်း | ကရင် - ဘားအံ | ကရင် - လှိုင်းဘွဲ | ဧရာဝတီ - ပုသိမ် | ဧရာဝတီ - ဟင်္သာတ | ရှမ်း (အရှေ့) - ကျိုင်းတုံ | ရှမ်း (အရှေ့) - မိုင်းတုံ | ရှမ်း (မြောက်) - လားရှိုး | ရှမ်း (မြောက်) - ကျောက်မဲ | ရှမ်း (တောင်) - တောင်ကြီး | ရှမ်း (တောင်) - ကလော | ရှမ်း (တောင်) - မိုင်းပန် |
|---|---|---|---|---|---|---|---|---|---|---|---|
| ယူရီးယား မြေသြဇာ | ၈၈၈၀၀ | ၈၉၃၀၀ | ၈၈၂၀၀ | ၈၈၁၀၀ | ၉၆၀၀၀ | ၁၀၀၈၀၀ | ၉၂၀၀၀ | ၉၀၁၀၀ | ၈၉၅၀၀ | ၈၈၈၀၀ | ၉၂၀၀၀ |

| ကုန်ပစ္စည်း | ပဲခူး - ပဲခူး | ပဲခူး - ပြည် | မွန် - မော်လမြိုင်/ သထုံ |
|---|---|---|---|
| ယူရီးယား မြေသြဇာ | ၈၇၈၀၀ | ၈၈၆၀၀ | ၈၈၈၀၀ |

မှတ်ချက် ။ (၁) ရန်ကုန်ဂိုဒေါင်ဈေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေသြဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် –

၀၆၇ – ၄၁၀၀၃၅ (သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

၀၆၇ – ၄၁၀၀၄၀ (သမဝါယမဦးစီးဌာန)

၀၆၇ – ၄၁၈၆၂၁ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက်သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဆိုရေးရှိက ဆိုရပါမည်

လူမှုပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသည်များကို မိမိ၏ရင်တွင်း၌ မျိုသိပ်မထားဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်နိုင်စေရန် စာရေးသူဒေါ်တင်နွယ်ဦး(မြောက်ဒဂုံ) စီစဉ်ရေးသားသည့် ဆိုရေးရှိက ဆိုရပါမည်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အိမ်ထောင်စုအတွင်းတွင်ဖြစ်စေ၊ မိမိပတ်ဝန်းကျင်တွင်ဖြစ်စေ၊ အသင်းအဖွဲ့များတွင်ဖြစ်စေ ပြောကြားရန်ကိစ္စပေါ်ခဲ့သော် အကြွေးမထားဘဲ ပြောသင့်ကြောင်းနှင့် ထိုသို့ ဖွင့်ဆိုပြောကြားခြင်းကြောင့် လုပ်ဆောင်သင့်သည်များ အချိန်မီလုပ်ဆောင်နိုင်ပြီး မလုပ်သင့်သည်များ မလုပ်မိစေရန် ရှောင်ရှားနိုင်ခြင်း စသည့် အကျိုးစီးပွားဖြစ်စေကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရသည်ဟု ဆိုသည်။ ထို့အတူ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သရေမြင့်တင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကို အချိန်မီ တရားဝင်ပြောကြားခွင့်ရခိုက်တွင် ပြောကြားနိုင်ခြင်းကြောင့် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သော နိုင်ငံ့ဂုဏ်သရေကိုမြှင့်တင်နိုင်ပြီး စာရေးသူကိုယ်တိုင်လည်း လွှတ်တော်အမတ်တစ်ဦး၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း ရေးသားထားသည်။

**စာအုပ်ကို အမှတ်(၄၇)၊ ပထမထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။**




## ကြားယောင်နေသော အမေ့စကားများ

စာရေးသူ မောင်မောက်(ဝတ်လုံ) စီစဉ်ရေးသားသည့် ကြားယောင်နေသော အမေ့စကားများ စံတော်ချိန်နေ့စဉ်သတင်းစာပါ ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်တွင် အဆုံးမရှိတဲ့အလုပ်တွေကို ဘယ်တော့မှ အစမလုပ်ကြနဲ့သားတို့။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်တို့သည် တစ်လိပ်ပြီးတစ်လိပ်၊ တစ်ယာပြီးတစ်ယာ၊ တစ်ခွက်ပြီးတစ်ခွက်ဖြင့် ပြီးဆုံးသွားသည်ဟူ၍မရှိ။ အစမလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ လေ့ပြန်၊ လှည်းပြန်မဝယ်နဲ့၊ အောင်၊ ကျော်၊ စံ၊ နှောင်း မဝယ်ကောင်း ပြောထားလျက်နဲ့ အင်္ဂါနေ့ကြီး နင့်တို့အဖေ ဇွတ်ဝယ်တော့ ဘာဖြစ်လဲ သိပြီမဟုတ်လား။ လူဆိုတာ ကုသိုလ်၊ အကုသိုလ် ခွဲခြားနိုင်တဲ့အတွက် လူ့ဘဝဟာ အကုသိုလ်မလုပ်ဘဲနေလို့ရတဲ့ဘဝပါ။ ရှောင်လို့ရနိုင်တယ်ကွ။ တစ်နည်းပြောရရင် လူ့ဘဝဆိုတာ အကုသိုလ်ကင်းတဲ့အရပ်လို့တောင် ပြောလို့ရတယ်။ ဒီတော့ ငါ့သား မင်းမှတ်ထားဖို့က အကုသိုလ်ကင်းအောင် နေလို့ရတဲ့အရပ်ကို ရောက်နေမှတော့ အကုသိုလ်ကင်းအောင်နေပါ သားရယ် စသည့်ဖြင့် မိခင်၏ဆုံးမစကားများကို လေ့လာမှတ်သားနိုင်ရန် ရေးသားထားသည်။

**စာအုပ်ကို ကိုလတ်စာပေ၊ အမှတ်-၂၀၀၊ (၃၁) လမ်း အပေါ်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၂၀၀၆၈ နှင့် ၀၉ ၈၈၅၀၂၀၀၆၈ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

# ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာကလေး ကိုးဦးတို့အား ပြန်လည်လွှဲပြောင်းပေးအပ်

မြဝတီ ဇွန် ၁၈

ထိုင်းနိုင်ငံ စုန်ခရာခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းတွင် ရောက်ရှိနေသော မိဘအုပ်ထိန်းသူမပါရှိသည့် မြန်မာကလေး ကိုးဦးအား မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်အောက်ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ ချစ်ကြည်ရေးတံတား အမှတ်(၂) ထိုင်းနိုင်ငံဘက်ခြမ်း Passenger Terminal အဆောက်အအုံရှေ့၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ထိုင်းနိုင်ငံမှ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့၊ ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ ထိုင်းနိုင်ငံမှ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်းကလေး အမျိုးသား သုံးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ကိုးဦးအား မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်၏ ကြီးကြပ်မှုဖြင့် မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်၊ မြဝတီမြို့ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ ဦးစီးအရာရှိ ဒေါ်ခင်နွယ်နွယ်ရီ၊ မြဝတီမြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ချိုမင်းပိုင်နှင့် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူတို့က လက်ခံဆောင်ရွက်ခဲ့ကြသည်။

### စောင့်ရှောက်ထားရှိ

မြဝတီမြို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ ခေတ္တလက်ခံစောင့်ရှောက်ထားရှိပြီးနောက် ယင်းတို့၏ မိဘရပ်ထံနေရာအသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နယ်စပ်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။




**ထိန်လင်းအောင်(ပြန်/ဆက်)**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟုသံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# စာဖတ်ရင်း တွေးကြမယ်

သိန်းထွန်း (IR)

**စိတ်၏ အာဟာရ**

စာဖတ်တဲ့အလေ့အကျင့်ဟာ ထူးခြားတဲ့အကျင့်တစ်ခုတော့ မဟုတ်ပါဘူး။ ကျောင်းနေတုန်းက စာဖတ်ခဲ့ကြ၊ စာကျက်ခဲ့ကြတာကအစ နောက်တော့ စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်စတာတွေဖတ်ကြလို့ စာဖတ်တဲ့အကျင့်ဟာ ထူးခြားတဲ့အကျင့် မဟုတ်ဘူးလို့ ဆိုတာပါ။ ဒါပေမဲ့ ဘာအကြောင်းအရာတွေ ဖတ်သလဲ၊ ဘယ်လောက်များများဖတ်သလဲ၊ အချိန် ဘယ်လောက်ပေးသလဲနဲ့ ဘယ်လိုပုံစံနဲ့ဖတ်ပြီး ဘယ်လိုနားလည်လက်ခံကြသလဲဆိုရာမှာတော့ တစ်ယောက်နဲ့တစ်ယောက် မတူတတ်ကြဘူး။

အဲဒီလို မတူကြတဲ့အတွက် စာဖတ်နေချိန်နဲ့ စာဖတ်ပြီးတဲ့နောက်ရလာတဲ့ အသိအမြင်၊ အယူအဆ၊ ထိရောက်မှုနဲ့ တုံ့ပြန်မှုတွေကတော့ ဖတ်လိုက်တဲ့ အကြောင်းအရာ၊ ဖတ်တဲ့နည်းလမ်းနဲ့ စဉ်းစားဆင်ခြင်မှုအပေါ်မူတည်ပြီး အကျိုးရလဒ်ကလည်း ကွဲပြားသွားပါတယ်။


စာတွေဖတ်တော့ ဖတ်ပါရဲ့၊ အကျိုးရလဒ်အားဖြင့် နည်းနေမယ်ဆိုရင် စာဖတ်တာကနေ ရမယ့် ဗဟုသုတနဲ့ အသိအမြင်တွေမှာ အကျိုးရှိသင့်သလောက်မရှိဘူးလို့ ဆိုရမယ်။ ဒီတော့ စာဖတ်တာကနေ အကျိုးရလဒ်များများရဖို့ဆိုရင် ဖတ်တဲ့အကြောင်းအရာနဲ့ စာဖတ်တဲ့နည်းက အရေးပါလာပါတယ်။ ဘယ်လိုအကြောင်းအရာကို ရွေးဖတ်ကြမလဲဆိုတာကတော့ တစ်ပိုင်းပေါ့။

အခုရည်ရွယ်တာက စာဖတ်တဲ့နည်းလမ်းနဲ့ အကျိုးကျေးဇူးတွေကို ဖြစ်ပါတယ်။ လူတစ်ယောက်ကျန်းမာအသက်ရှည်ဖို့ ကိုယ်ကာယလေ့ကျင့်ခန်းတွေလုပ်ကြတယ်၊ ကောင်းနိုးရာရာ အစားအစာတွေ ရွေးစားကြတယ်၊ ရုပ်သွင်ပြင်လှပဖို့ပြင်ဆင်ကြတယ်။ ဒီလိုပဲ စိတ်နဲ့ အတွေးအခေါ်တွေ ကျန်းမာဖို့၊ မြင့်မားဖို့၊ ကျယ်ပြန့်ဖို့နဲ့ အတွေးအမြင်အသစ်တွေ ဖြန့်ကြက်ဖို့ဆိုရင်တော့ ထိရောက်တဲ့စာဖတ်နည်းက လိုအပ်ချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။ အာဟာရဖြစ်တဲ့စာတွေ ရွေးဖတ်ကြမယ်၊ ဖတ်လိုက်တဲ့စာတွေကို ကျေကျေညက်ညက်ဝါးစားမယ်ဆိုရင် စိတ်နဲ့အတွေးအခေါ်တွေအတွက် အာဟာရတွေ ရရှိစေမှာပါ။

**စာဖတ်ခြင်း**

စာဖတ်ခြင်းဟာ စကားလုံးတွေအပေါ် လမ်းလျှောက်ခြင်း ဒါမှမဟုတ် ပျံသန်းခြင်း မဟုတ်ပါဘူး။ စာဖတ်ရတဲ့ ရည်ရွယ်ချက်တွေထဲမှာ ကိုယ်ဖတ်တဲ့ စာသားတွေနဲ့ ပါဝင်တဲ့အကြောင်းအရာတွေအကြား ဆက်နွှယ်မှု၊ စာဖတ်သူရဲ့ ရည်ရွယ်ချက်နဲ့ စာသားတွေအကြား ဘယ်လိုဆက်စပ်နေသလဲ ဆိုတာတွေကို ရှာဖွေဖော်ထုတ်ဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စာရဲ့အနှစ်သာရတွေကိုရဖို့ဖြစ်ပါတယ်။ ဒီတော့ စာဖတ်တဲ့အခါ စာသားတွေကိုပဲ မရှုမြင်သင့်သလို စာသားတွေရဲ့ လွှမ်းမိုးခံရတာ မဖြစ်သင့်ပါဘူး။

ဆန်းစစ်သုံးသပ်ရမယ်၊ မေးခွန်းတွေမေးရမယ်၊ စဉ်းစားဆင်ခြင်ရမယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေပါဝင်မှသာ ထိရောက်တဲ့စာဖတ်နည်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ စာဖတ်ရာမှာ ဖတ်တဲ့အကြောင်းအရာအလိုက်လည်း ကွဲပြားတတ်ပါသေးတယ်။ အပျော်ဖတ်၊ အပျင်းပြေဖတ်တဲ့အခါမှာတော့ ပေါ့ပေါ့ပါးပါးပဲ ဖတ်ကြပါတယ်။ ဒါပေမဲ့ ဘယ်လိုအကြောင်းအရာကိုပဲဖတ်ဖတ် ထိရောက်တဲ့စာဖတ်နည်းကို သိထားမယ်၊ အလေ့အကျင့်ရှိထားမယ်ဆိုရင် ဖတ်လိုက်တဲ့စာတွေကနေ ဆင်ခြင်တွေးခေါ်မှုဆိုင်ရာတွေ ရရှိနိုင်ပါတယ်။



**ရလဒ်ကွဲပြားတတ်**

စာဖတ်ခြင်းကနေ သုတ၊ ရသနဲ့ အတွေးအမြင်ရတာအပြင် ဆက်ပြီး ဆင်ခြင်စဉ်းစားရတာ၊ ကောက်ချက်ချတာနဲ့ ဆင့်ပွားတာတွေ ဆက်ပြီးလုပ်ဆောင်မှ ဖတ်တဲ့စာရဲ့အနှစ်သာရ၊ ရည်ရွယ်ချက်နဲ့ ကိုယ်ပိုင် အတွေးသစ်၊ အမြင်သစ်တွေကို ရနိုင်ပါတယ်။ ဒါကြောင့် စာဖတ်တဲ့နည်းလမ်းမတူကြရင်ဖတ်လိုက်တဲ့ အကြောင်းအရာတစ်ခုတည်းကိုတောင်မှ စာဖတ်ပြီးတဲ့နောက် ထွက်လာတဲ့ရလဒ်က မတူညီတတ်ကြဘူး။ စာဖတ်သူရဲ့ တုံ့ပြန်မှုအလိုက်ကွဲပြားသွားတဲ့သဘောပါပဲ။ ဒါကလည်း ထူးဆန်းတဲ့အရာတော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက်ရဲ့ အတွေးတွေ၊ အမြင်တွေ၊ ဆန္ဒတွေ၊ အစွဲတွေ၊ နားလည်လက်ခံနိုင်စွမ်း၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုစတဲ့ အခြေအနေတွေက မတူတတ်ကြတော့ ရလဒ်မှာလည်း ကွဲပြားမှာပါပဲ။ အကြောင်းအရာတူ စာသားတစ်ခုကို ဖတ်သူတွေရဲ့အခြေအနေအလိုက် တုံ့ပြန်မှုနဲ့ပတ်သက်လို့ ပုံပြင်တစ်ပုဒ်ကြားဖူးပါတယ်။ အားလုံးသိပြီးတဲ့ ပုံပြင်လေးပါ။

တစ်ခါက ရွာတစ်ရွာရဲ့အပြင်မှာ ဘယ်အချိန်ကတည်းက ရှိနေမှန်းမသိရတဲ့ ခုတ်လှဲထားတဲ့ အပင်ကြီးတစ်ပင်ရှိတယ်ဆိုပါတယ်။ တစ်နေ့တော့ အဲဒီအပင်ကြီးရဲ့ မျက်နှာစာတစ်ဖက်မှာ ၃၁ ဆိုတဲ့ စာတစ်ခုပေါ်လာတယ်တဲ့။ အဲဒီလို စာပေါ်လာတော့ ရွာထဲက လူတွေက လာဖတ်ကြရင်း တချို့က ၃၁ ဆိုတာ ၃၁ ဘုံကို ရည်ညွှန်းတာလို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ သမိုင်းဆရာတစ်ယောက်ကတော့ ၃၁ ဆိုတာ ခုတ်လဲထားတဲ့ အပင်ကြီး ၁၉၃၁ ခုနှစ်ကတည်းက တည်ရှိတာကို ပြောတာလို့ ဆိုတယ်။ တစ်ယောက်ကကျပြန်တော့ သုံး–မကုန်စွဲမကုန် တစ်–ပြုံတစ်မကြီး ငွေဝင်အောင်ဆရာတစ်ပါးက စီရင်ထားတာလို့ ဆိုပြန်ရော။

နောက်တစ်ယောက်ကတော့ ၃၁ ဟာ ကက်ကင်းဖြစ်တယ်၊ ၃၁ ဟာ မကောင်းတဲ့နိမိတ် ၁၃ ကို ပြောင်းပြန်လှန်ထားတာတဲ့။ ဒီလိုနဲ့ တရားသမားကလည်း သူမြင်တဲ့အတိုင်းဆို၊ သမိုင်းဆရာကလည်း သမိုင်းအမြင်နဲ့ဖွင့်၊ မဟိဒ္ဓိသမားကလည်း သူ့အယူအဆနဲ့သူ၊ ဗေဒင်သမားကလည်း အမြင်တစ်မျိုး၊ အယူသီးတဲ့သူမြင်တာကတော့ တစ်မျိုးတစ်ဘာသာ၊ တစ်ယောက်နဲ့တစ်ယောက် သူ့ကောက်ချက်နဲ့သူ ပြောဆိုနေတော့ ၃၁ ရဲ့အဖြေမရဘဲ အငြင်းပွားတာတွေ ဖြစ်လာပါတယ်။ အဲဒီလို တစ်ယောက်တစ်ပေါက် အငြင်းပွားနေတဲ့နေရာကို နွားကျောင်းသားတစ်ယောက်ရောက်လာပြီး လူရုတ်ရုတ်ဖြစ်နေလို့ မေးကြည့်ပါတယ်။

အငြင်းပွားနေသူတွေထဲက တစ်ယောက်က “ငါတို့ ဒီ ၃၁ စာကို ငြင်းနေကြတာ” လို့ ပြောလိုက်ပါတယ်။ နွားကျောင်းသားက “ဒီစာကို ကျုပ်ရေးထားတာ”၊ လူအုပ်ကြီးက “ဟာ ဒါဆို ဘာအဓိပ္ပာယ်လဲ၊ ဘယ်သူရေးခိုင်းတာလဲ အိပ်မက်အရလား၊ ဘိုးတော်ခိုင်းတာလား” ဆိုပြီး ဝိုင်းမေးကြပါလေရော။ နွားကျောင်းသားက “တစ်ခုမှ မဟုတ်ဘူး”၊ “ဒါဆိုဘာလဲ”၊ “၃၁ (သုံးတစ်) သစ်တုံးလို့ ရေးထားတာ” ပါတဲ့။ သစ်တုံးပုံပြင်လေးကတော့ ဒီလောက်ပါပဲ။

အဲဒီပုံပြင်က ရယ်စရာသဘော ဖတ်ရင်တော့ ရယ်စရာပုံပြင်ပါ။ ဒါပေမဲ့ အကြောင်းအရာတူ စာတစ်ကြောင်းတစ်ကြောင်းကိုဖတ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တစ်ယောက်နဲ့တစ်ယောက် ဘာကြောင့်ကွဲပြားကြတာလဲဆိုတဲ့ အကြောင်းရင်းကို တွေ့နိုင်ပါတယ်။ စာသားကွက်ကွက်လေးကိုပဲ ကြည့်ပြီးကိုယ့်ဆန္ဒစွဲနဲ့ ဖွင့်ဆိုလိုက်တဲ့အခါ ကျိုးကြောင်းဆီလျော်မှု၊ သုံးသပ်ချက်နဲ့ ကောက်ချက်တွေ လွဲချော်သွားတာကို တွေ့ရပါတယ်။ အဲဒီလိုပါပဲ စာအုပ်တစ်အုပ် ဒါမှမဟုတ် စာသားတစ်ကြောင်း ဖတ်တာချင်းအတူတူ တစ်ဦးနဲ့တစ်ဦးရဲ့ အမြင်တွေ၊ အယူအဆတွေ၊ ကောက်ချက်ချတာတွေ မတူညီရတဲ့ အခြေခံအကြောင်းရင်းတွေထဲမှာ စာဖတ်သူရဲ့ လက်ခံဆင်ခြင်နိုင်မှုနဲ့ စာဖတ်တဲ့နည်းလမ်းဟာ အရေးကြီးတဲ့အချက်တစ်ခုအနေနဲ့ တွေ့ရပါတယ်။

**စာသားနောက်ကွယ်မှ**

ထိရောက်တဲ့ စာဖတ်နည်းဖြစ်ဖို့ဆိုရင် ဖတ်နေတဲ့စာသားကွက်ကွက်လေးအပေါ်မှာပဲ ရှုမြင်စဉ်းစားလို့ မပြည့်စုံနိုင်ပါဘူး။ ၃၁ ကို အဓိပ္ပာယ်ဖော်သလို ကိုယ်ဖတ်တဲ့စာသားကွက်ကွက်လေးကိုပဲ ကြည့်ပြီး ကိုယ့်ဆန္ဒစွဲနဲ့စဉ်းစားလိုက်တဲ့အခါ ပြည့်စုံတိကျတဲ့ သုံးသပ်မှုနဲ့ အဓိပ္ပာယ်ကနေ လွဲသွားသလိုပါပဲ။

ဒီတော့ ပြည့်စုံတဲ့နားလည်မှုရဖို့အတွက် စာဖတ်ရင်း စာရေးသူရဲ့ရည်ရွယ်ချက်၊ စာသားတွေနဲ့ သူရဲ့ ဆိုလိုရင်းတွေကို မေးခွန်းထုတ်ရတဲ့ လုပ်ငန်းစဉ်လည်း လိုအပ်ပါတယ်။ အတွေးနဲ့ စာဖတ်သူတစ်ဦးဟာ ရေးထားတဲ့စာသားတွေကို စဉ်းစားရုံတင်မကဘူး၊ အခြားသောစာဖတ်သူတွေရဲ့ အမြင်သဘောထားတွေကိုလည်း ထည့်သွင်းစဉ်းစားကြရပါတယ်။ ဒါမှ မတူညီတဲ့အမြင်နဲ့ ရှုထောင့်စုံကနေ အကဲဖြတ်နိုင်မှာ ဖြစ်ပါတယ်။ အခြားသူတွေရဲ့အမြင်တွေအပြင် စာရေးသူရဲ့ ရပ်တည်ချက်နဲ့ ရည်ရွယ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးသူက ရည်ရွယ်ချက်တစ်ခုအတွက် စာသားတွေ ဖန်တီးထားလို့ပါပဲ။

စာရေးသူတွေဟာ အများအားဖြင့် စာဖတ်သူကို သတင်းမက်ဆေ့တွေပေးချင်ကြတဲ့အတွက် စာသားတွေနဲ့ ပုံဖော်ရေးသားကြပါတယ်။ စာဖတ်သူတွေဆီ သူတို့ ပေးချင်တဲ့မက်ဆေ့ကတော့ အမျိုးမျိုးရှိကြပါလိမ့်မယ်။ ဒါကြောင့် စာဖတ်ရာမှာ စာရေးသူရဲ့ အပိုင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်မယ်ဆိုရင် စာသားရဲ့ နောက်ကွယ်က ရည်ရွယ်ချက်နဲ့ အနှစ်သာရကို ဖမ်းယူနိုင်ဖို့ အထောက်အကူဖြစ်စေပါတယ်။ နောက်တစ်ခုက စာဖတ်တဲ့အခါ ဖတ်တဲ့စာသား၊ စာရဲ့ရည်ရွယ်ချက်၊ နောက်ကွယ်က အတွေးအမြင်တွေရဖို့အပြင် ရလာတဲ့ သုတ၊ ရသနဲ့ အတွေးအမြင်တွေကို ကျိုးကြောင်းဆီလျော်မှုရှိ/မရှိ၊ သင့်/မသင့်၊ အကျိုးရှိ/မရှိ ချင့်ချိန်သုံးသပ်ပြီး ကောက်ချက်ချတာနဲ့ ကိုယ်ပိုင်ဆင့်ပွားတွေးခေါ်မှုတွေ ပြုလုပ်ခြင်းအားဖြင့် အမှား/အမှန် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း၊ မတူညီတဲ့ အတွေးအခေါ်၊ အယူအဆနဲ့ အမြင်သစ်တွေကို ရရှိစေပါတယ်။

**“ပုံပြင်ထဲကလိုပါပဲ။ စာဖတ်ရင်း တွေးတောဆင်ခြင်တဲ့အကျင့်ရဖို့ဟာ ပြောရတာတော့ လွယ်ပါတယ်။ လက်တွေ့လုပ်နိုင်ဖို့ဆိုရင် အလေ့အကျင့်လုပ်ယူရပါတယ်။ အလေ့အကျင့်ကနေ အလေ့အထတစ်ခုဖြစ်လာရင် စာဖတ်ရင်း အလိုလိုတွေးတဲ့အကျင့် ရနိုင်ပါတယ်။ အသိအမြင်ပြောင်းလဲလိုသူတွေ၊ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်လိုသူတွေနဲ့ ပိုင်းခြားဝေဖန်စဉ်းစားမှု တိုးတက်လိုသူတိုင်းအတွက် ထိရောက်တဲ့ စာဖတ်ခြင်းက အကျိုးရှိတဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စာပေတွေဖတ်ရင်း ဗဟုသုတတွေအပြင် မှန်ကန်တဲ့သုံးသပ်မှုတွေရဖို့နဲ့ အတွေးသစ်၊ အမြင်သစ်တွေ ရဖို့ဆိုရင် ဖတ်ရင်းတွေး၊ တွေးရင်းဖတ်တဲ့နည်းလမ်းက စာဖတ်သူတွေအတွက် အကျိုးရှိစေမယ့် နည်းလမ်းတစ်ခုဖြစ်”**

**နည်းလမ်းများ**

စာဖတ်တဲ့နည်းလမ်းကတော့ တစ်ဦးနဲ့တစ်ဦး အကြိုက်လည်း မတူနိုင်သလို အသုံးပြုပုံချင်းလည်း မတူညီနိုင်ပါဘူး။ ကိုယ့်အကြိုက်နဲ့ကိုယ်၊ ကိုယ်နဲ့ လိုက်ဖက်သလို အသုံးပြုကြပါတယ်။ အခြေအနေနဲ့ အချိန်အခါအလိုက်လည်း ပြောင်းလဲကျင့်သုံးတတ်ကြပါတယ်။ စာဖတ်တဲ့ နည်းလမ်းတွေထဲက တစ်ခုကတော့ စာရဲ့အဓိကဆိုလိုရင်းကိုရဖို့ စာကြောင်းတွေ၊ စာပိုဒ်တွေထဲကမှ ကောက်နုတ်ဖတ်ရှုတဲ့နည်းဖြစ်ပါတယ်။ အရေးကြီးတဲ့အပိုင်းကိုပဲ ဖတ်တဲ့သဘောဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကိုယ်လိုချင်တဲ့ အချက်အလက်တွေရဖို့ စာကြောင်းတွေကို မြန်မြန်ဖတ်တဲ့နည်း ဖြစ်ပါတယ်။ လိုချင်တဲ့ အချက်အလက် ရှာဖွေတဲ့ သဘောပါ။

စာမျက်နှာ ၁၉ သို့ ✪

# ငါးရစ်တစ်ကောင်သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား

ဆန်းဝင်း (ငါးဦးစီး)

မိုးဖြိုင်ဖြိုင်ရွာသော မေလ၊ ဇွန်လ၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်များအတွင်း၌ မျိုးရည်ဖြင့်ပြည့်ဝနေသော ငါးထီးကြီးများနှင့်ဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများသည် ဥချသားပေါက်ရန် နေရာရှာဖွေ ငါးရစ်တက်ကြသည်။ ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံးဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးစေနိုင်ပါသည်။

**ရေချိုငါးလုပ်ငန်းဥပဒေ**

တားမြစ်ထားသောငါးရစ်ငါးသန်ချိန်ကာလများတွင် သဘာဝရေပြင်မှ ငါး/ပုစွန်များကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်း(သို့)အခြားနည်းဖြင့် တစ်စုံတစ်ရာနှောင့်ယှက်ခြင်းမပြုလုပ်ကြရန် တားမြစ်ထားပြီး ဖောက်ဖျက်ကျူးလွန်သူများအား ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၆၂)အရ တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ပြီး ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ ငွေဒဏ် ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ထိုက်သော ပြစ်မှုဖြစ်သဖြင့် ရှောင်ရှားကြပါရန် တိုက်တွန်းအပ်ပါသည်။



ငါးရစ်ငါးသန်နှင့် ရေနေသယံဇာတထိန်းသိမ်းရေးအတွက် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးကြေညာနေစဉ်။

တိုင်းရင်းငါးမျိုးစိတ်များ၏ သဘာဝမှာ မြစ်မကြီး၊ ချောင်းမကြီးများတွင် ရေစီးသန်ခြင်း၊ ရေနောက်ခြင်းများကြောင့် သားပေါက်များရှင်သန်ခြင်းမရှိနိုင်သဖြင့် မြစ်ငယ်ချောင်းငယ်နှင့် လယ်ကွင်းများ ရေတိမ်ပိုင်းများသို့ တက်ရောက်လာကြပါသည်။ ငါးသားပေါက်များမှာလည်း ရေတိမ်ရာခိုအောင်းရန် မြက်ရိုင်းပင်၊ ကိုင်းပင်များရှိရာနှင့် ငါးတို့၏အခြေခံအစာ အပင်မျှောလေး(Phytoplankton) နှင့် အကောင်မျှောလေး(Zooplankton) များပေါများရာ လယ်ကွင်းများ၊ ကိုင်းကွင်းများ၊ အင်းအိုင်များ၊ ချောင်းမြောင်းများတွင်သာ ရှင်သန်ပေါက်ဖွားကြီးထွားနိုင်သဖြင့် သဘာဝကပေးသော အသိစိတ်အရ ၎င်းတို့၏ ငါးသားပေါက်များ ရှင်သန်နိုင်မည့်နေရာများကို ရွေးချယ်မိတ်လိုက်ကြခြင်းဖြစ်သည်။

မြန်မာလူမျိုးများသည် ရေချိုငါးများကို ချက်ခြင်း၊ ကြော်ခြင်း၊ အခြောက်လုပ်ခြင်း၊ ငါးပိကောင်၊ ငါးပိ၊ ငံပြာရည်၊ ငါးချဉ်၊ ငါးကျပ်တိုက် စသည်ဖြင့် နည်းပေါင်းစုံ ခုံမင်နှစ်သက်စွာ စားသောက်ကြပါသည်။ သဘာဝတိုင်းရင်းငါးများရှိခြင်းဖြင့် နှစ်စဉ်နိုင်ငံတော်အတွက် အခွန်ငွေများတိုးတက်ရရှိနေခြင်း၊ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းနှင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် ငါးမှပေးသော အာဟာရကို လုံလောက်စွာရရှိခြင်း စသည့်အကျိုးကျေးဇူးများရှိနေပါသည်။ သို့ရာတွင် တစ်နေ့တခြား တိုင်းရင်းငါးမျိုးများရှားပါးလာမည်ဖြစ်သည်။ တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မြေဩဇာများသုံးစွဲခြင်း၊ စက်ရုံ၊ အလုပ်ရုံလူနေအိမ်ခြေတိုးတက်လာခြင်း၊ ငါးသယံဇာတအပေါ် မှီခိုသူများပြားလာခြင်း၊ အလွန်အကျွံဖမ်းဆီးကြခြင်း၊ ငါးသားပေါက်ချိန်ဖမ်းဆီးခြင်း၊ ဘက်ထရီရှော့တိုက်ခြင်းနှင့် အဆိပ်ချခြင်း စသည့်လူတို့၏လောဘကြောင့် ငါးသယံဇာတများ မပျောက်ပျက်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းရမည်မှာ ငါးစားကြသူတိုင်းတွင် တာဝန်ရှိကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

■

❝ မြန်မာလူမျိုးများသည် ရေချိုငါးများကို ချက်ခြင်း၊ ကြော်ခြင်း၊ အခြောက်လုပ်ခြင်း၊ ငါးပိကောင်၊ ငါးပိ၊ ငံပြာရည်၊ ငါးချဉ်၊ ငါးကျပ်တိုက် စသည်ဖြင့် နည်းပေါင်းစုံ ခုံမင်နှစ်သက်စွာ စားသောက်ကြပါသည်။ သဘာဝတိုင်းရင်းငါးများရှိခြင်းဖြင့် နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ငွေများတိုးတက်ရရှိနေခြင်း၊ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းနှင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် ငါးမှပေးသော အာဟာရကို လုံလောက်စွာရရှိခြင်း စသည့်အကျိုးကျေးဇူးများရှိနေပါသည်။ သို့ရာတွင် တစ်နေ့တခြား တိုင်းရင်းငါးမျိုးများရှားပါးလာမည် ❞



ဓနုဖြူမြို့နယ် ဓနုဖြူ-သောင်ကြီး ကားလမ်းဘေး အကျော်ကျေးရွာတွင် လက်ကမ်းစာစောင်များဖြန့်ဝေနေစဉ်။

---

❂ စာမျက်နှာ ၁၈ မှ

အကျယ်တဝင့်ဖတ်နည်းကတော့ အချိန်ပိုကုန်ပါတယ်။ စာကို တိတိကျကျသိရဖို့အသေးစိတ်ဖတ်ခြင်းဖြစ်ပါတယ်။ စာလုံးတိုင်းရဲ့အဓိပ္ပာယ်ကို နားလည်ဖို့ဖတ်တဲ့နည်းဖြစ်ပါတယ်။

ပေါ့ပေါ့ပါးပါးဖတ်တဲ့နည်းလမ်းက တိကျမှုနည်းပြီး ခပ်သွက်သွက်ဖတ်ရာမှာ သုံးကြပါတယ်။ အပျော်ဖတ်စာတွေဖတ်ရင် သုံးတဲ့နည်းလမ်းတစ်ခုပါ။ ထိရောက်တဲ့ စာဖတ်နည်းတွေထဲမှာ နက်နက်ရှိုင်းရှိုင်းဖတ်တဲ့ Deep Reading နည်းလမ်းပါဝင်ပါတယ်။ နက်နက်ရှိုင်းရှိုင်းဖတ်တဲ့ နည်းကတော့ ချင့်ချိန်စဉ်းစားပြီး ဖတ်တဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အဲဒီဖတ်နည်းကတော့ အာရုံစိုက်ပြီး စဉ်းစားဖတ်ရှုတာဖြစ်လို့ နှေးပါတယ်။ Deep Reading အလေ့အကျင့်တွေကတစ်ဆင့် အခြားကျွမ်းကျင်မှုတွေကို တိုးတက်စေနိုင်ပါတယ်။

လူတိုင်း စာတွေ နေ့စဉ်ဖတ်နေကြရာမှာ ထိရောက်တဲ့ စာဖတ်နည်းတစ်ခုကတော့ ပိုင်းခြားဝေဖန်စာဖတ်တဲ့နည်းလမ်းဖြစ်ပါတယ်။ Critical Reading ကတော့ စာသားတွေရဲ့ ဆိုလိုရင်းကို နားလည်ဖို့နဲ့ တင်ပြချက်တွေကို အကဲဖြတ်ဖို့အတွက် ပိုင်းခြားဝေဖန်ပြီးဖတ်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ပိုင်းခြားဝေဖန်စာဖတ်ခြင်းဟာ စာသားတွေအပြင် အဲဒီ စာသားနောက်ကွယ်က သွယ်ဝိုက်ထားတဲ့ အကြောင်းအရာနဲ့ အတွေးအမြင်တွေကိုပါ ဝေဖန်ဆန်းစစ်လိုတဲ့ ရည်ရွယ်ချက်နဲ့ဖတ်ရှုခြင်း ဖြစ်ပါတယ်။ ဖတ်တဲ့စာသားကို အပြည့်အဝနားလည်ဖို့နဲ့ သူ့ရဲ့အနှစ်သာရကို မြင်နိုင်ဖို့ စာသားတွေကို ဂရုတစိုက်ဖတ်ပြီး ချဲ့ထွင်စဉ်းစားဖို့ ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ စာဖတ်တဲ့နေရာမှာ ထိရောက်ရုံတင်မကပါဘူး။ အမှားအမှန် ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်း၊ ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းတွေကိုလည်း တိုးတက်စေနိုင်ပါတယ်။

**ပြုစုပျိုးထောင်**

စာဖတ်ရင်း တွေးကြမယ်ဆိုတော့ ဆရာလူထုဦးလှရဲ့ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ (ပထမတွဲ) စာအုပ်ထဲက ပုံပြင်တစ်ပုဒ်ကို အမှတ်ရမိပါတယ်။ တစ်ခါက ဘုန်းကြီးတစ်ပါးဟာ ကိုရင်ကြီးတစ်ပါးကို သဒ္ဒါ၊ သင်္ဂြိုဟ် စာဝါတွေ ပို့ချပေးနေစဉ်မှာ နည်းပေးလမ်းပြအနေနဲ့ "စာဆိုတာ ကြံရတယ်ကွ၊ ကြံမှသာ စာရဲ့နက်နဲမှုအဓိပ္ပာယ်ဟာ ပေါ်လွင်ထင်မြင်လာပြီး မေ့ပျောက်မသွားနိုင်တာ" လို့ ဆုံးမစကား ပြောကြားလိုက်တာပါတယ်။ နောက်တော့ ကိုရင်ကြီးဟာ ညအချိန် လသာသာမှာ ထိုင်ခုံပေါ်ထိုင်ပြီး ကြယ်တွေကို ကြည့်နေတာကို ဘုန်းကြီးက တွေ့တော့ "ဟဲ့ ကိုရင်ကြီး ဘာများ စိတ်ကူးနေသလဲ" လို့ မေးလိုက်ပါတယ်။ ကိုရင်ကြီးက "စာကြံနေတာပါ ဘုရား" လို့ ပြန်လျှောက်ပါတယ်။

"ဘာ စာတွေများ ကြံနေသလဲ" လို့ ထပ်မေးလိုက်တဲ့အခါ ကိုရင်ကြီးက "အထက်မိုးပေါ်က ကြယ်တွေဟာ ဘယ်များ ချေးယိုချပါလိမ့်လို့ ကြံနေပါတယ် ဘုရား" လို့လျှောက်လိုက်တော့ ဆရာဘုန်းတော်ကြီးလည်း ဒေါသဖြစ်တာထက် ရယ်ပြုံးလိုစိတ်က ပိုများပြီး "တယ် စာကြံကောင်းတဲ့ ကိုရင်ကြီးပဲ" လို့ ညည်းညူလိုက်တယ်လို့ ဆိုပါတယ်။


ပုံပြင်ထဲကလိုပါပဲ။ စာဖတ်ရင်း တွေးတောဆင်ခြင်တဲ့အကျင့်ရဖို့ဟာ ပြောရတာတော့ လွယ်ပါတယ်။ လက်တွေ့လုပ်နိုင်ဖို့ဆိုရင် အလေ့အကျင့်လုပ်ယူရပါတယ်။ အလေ့အကျင့်ကနေ အလေ့အထတစ်ခုဖြစ်လာရင် စာဖတ်ရင်း အလိုလိုတွေးတဲ့ အကျင့်ရနိုင်ပါတယ်။ အသိအမြင် ပြောင်းလဲလိုသူတွေ၊ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်လိုသူတွေနဲ့ ပိုင်းခြားဝေဖန်စဉ်းစားမှု တိုးတက်လိုသူတိုင်းအတွက် ထိရောက်တဲ့ စာဖတ်ခြင်းက အကျိုးရှိတဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စာပေတွေဖတ်ရင်း ဗဟုသုတတွေအပြင် မှန်ကန်တဲ့သုံးသပ်မှုတွေရဖို့နဲ့ အတွေးသစ်၊ အမြင်သစ်တွေ ရဖို့ဆိုရင် ဖတ်ရင်းတွေး၊ တွေးရင်း ဖတ်တဲ့နည်းလမ်းက စာဖတ်သူတွေအတွက် အကျိုးရှိစေမယ့် နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ။

**ကိုးကား**

လူထုဦးလှ၊ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ (ပထမတွဲ)

ဝတ္ထုတို

# အဘွားအေးနဲ့ ရေဒီယိုလေး




**ကျော်စိုးလင်း (အ.လ.တ)**

အဘွားအေးရဲ့နံဘေးမှာ အမြဲတမ်းအသံပေးနေတဲ့ ရေဒီယိုလေးတစ်လုံးရှိတယ်။ အဲဒီ ရေဒီယိုလေးက အဘွားအေးအတွက် အတော်လေးအသုံးတည့်တယ် ပြောရမယ်။

ရေဒီယိုအဖွင့်၊ အပိတ်ခလုတ်ကိုတော့ သူကောင်းကောင်း မှတ်ထားပုံရတယ်။ ကျန်တာတွေကိုတော့ အဘွားအေး မမှတ်မိ။ မမှတ်မိဆို အဘွားအေးက လိုင်းမရွေးဘူး။ ကြိုက်တဲ့လိုင်းက ကြိုက်တဲ့သတင်း၊ ကြိုက်တဲ့သီချင်းလာပါစေ အသံကြားနေဖို့က အဓိကလေ။

တစ်ခါတလေ အိမ်နီးနားချင်းတွေက အဘွားအေးကို စသလိုလိုနဲ့မေးကြသေးတယ်။

“ဗျို့ အဘွားအေး ဒီနေ့ရေဒီယိုက ဘာသတင်းတွေထူးလဲဗျ”

“အို ငါကသတင်းတွေ ဘာတွေရယ်လို့ ရွေးပြီးနားထောင်တာမှ မဟုတ်တာ၊ ဒီအတိုင်းဖွင့်ထားလိုက်တာပဲ”

ဟုတ်တယ်လေ။ အဘွားအေးက သူ့အနားမှာ စကားသံလေးတွေကြားနေရဖို့က အဓိကမဟုတ်လား။ တစ်ခါတလေ “ကွိကွိကွကွ” နဲ့ သူ့ရေဒီယိုက တခြားဘာသာစကားတွေ လာရင်လာနေတာရယ်။

အဘွားအေးအသက်ကို တွက်ကြည့်ရင် ရှစ်ဆယ့်ကိုးနှစ်တောင်ရှိပြီ။ ဒါပေမဲ့ ဆံပင်ကသာ အနက်တစ်ချောင်းမှမရှိတာ၊ နားကကြားနေရတုန်း။ ဒါကြောင့်မို့လည်း သူ ရေဒီယိုလေးကိုအဖော်လုပ်နေရတာပေါ့။

အဘွားအေးမှာက သားသမီးနှစ်ယောက်ရှိတယ်။ သားတစ်ယောက် သမီးတစ်ယောက်။

အဘွားအေးရဲ့ အမျိုးသားဦးစိန်မောင်ကြီး မဆုံးပါးခင်ကတည်းက တစ်ရပ်တစ်ကျေးမှာ အိမ်ထောင်ရက်သားကျကုန်ကြတာတွေ။ အိမ်ထောင်ကျတော့လည်း သားနဲ့သမီးကို ရင်းနှီးစားဖို့ အတော်အသင့်ချင့်ချိန်ပြီး အဘွားအေးတို့လင်မယားက ခွဲဝေပေးထားခဲ့တာရယ်။ အခုတော့ သူ့အိုးသူ့အိမ်နဲ့၊ ကိုယ်စီသားသမီးတွေတောင် ရနေကုန်ပါပြီ။

သားနဲ့သမီးကလည်း သူတို့အလုပ်တွေကိုယ်စီနဲ့ အသားကျနေကြပြီဆိုတော့ ပြန်မခေါ်ဖြစ်တာလည်း ပါမှာပေါ့။ ဒီတော့အဘွားအေးက တစ်ယောက်တည်းပဲ နေလာခဲ့တယ်လေ။

သားသမီးတွေဆီက ဘာမှမမျှော်လင့်ဘူးဆိုပေမယ့် တစ်နှစ်နေလို့ တစ်ခေါက်နှစ်ခေါက်လောက်မှ ရောက်မလာကြရင်တော့ အဘွားအေးက မျှော်မိတာပေါ့။

အဘွားအေးက သူ့အတွက် စားဖို့၊ သောက်ဖို့ကတော့ မပူရပါဘူး။ လယ်လုပ်ဖက်ချလို့ရတာလေးတွေနဲ့တင် စားလောက်ပါတယ်။

အဘွားအေးအတွက် အမှန်တကယ်လိုအပ်နေတာက သူ့သားနဲ့ သမီးကို အနီးအပါးမှာရှိစေချင်တာ။ သူ့မြေးတွေရဲ့ တီတီတာတာအသံလေးတွေကို ကြားချင်ခဲ့တာ။ အခုတော့ အဘွားအေးခမျာ ရေဒီယိုလေးထဲကလာတဲ့ ကွိကွိကွကွ အသံတွေကိုပဲ အဖော်အဖြစ်နဲ့ အစားထိုးလို့ နေရရှာတယ်။

xxxxx

အဘွားအေးရဲ့ သားနဲ့သမီးက တစ်ခါတလေ ပစ္စည်းဝတ္ထုလေးတွေ တချို့နဲ့ ရောက်လာကြပြီး ကန်တော့သွားကြတာတွေလည်းရှိပါရဲ့။ အဲဒီလိုအလိုက်သိသိနဲ့ လာကန်တော့ကြတော့လည်း စားရတာထက် အဘွားအေးက ဝမ်းသာပီတိဖြစ်မိတာကပိုပါတယ်။ တစ်ခေါက်လောက်လာပြီးသွားရင်လည်း ပျောက်သွားလိုက်ကြတာများ မပြောပါနဲ့တော့။

ဒီတော့လည်း မျှော်သာမျှော်ပေါ်မလာတော့ဆိုသလို နေနိုင်အားကြတဲ့ သားသမီးတွေရယ်လို့ အဘွားအေးက မတွေးပါဘူး။ အလုပ်တွေမအားကြဘူးထင်ပါရဲ့လို့ ဖြည့်တွေးပြီးပဲ သားနဲ့သမီးအပေါ် အဘွားအေးက နားလည်ပေးမြဲပါ။ သားသမီးတွေ၊ မြေးတွေလာကြပြီဆိုရင်ပဲ ဘာမှမပါပါ အဘွားအေးကကျိတ်ပြီး ဝမ်းသာရရှာတယ်။

တစ်ခါတလေ အဘွားအေးတစ်ယောက်တည်း အိမ်အောက်က ခုတင်လေးပေါ်မှာ ဆောင့်ကြောင့်လေးထိုင်နေတတ်တယ်။ ပြီးရင် ခြံတံခါးဝဆီကို သူငေးစိုက်ပြီး ငူငူကြီးနဲ့ကြည့်နေတတ်သေးတယ်။ မနက်မိုးလင်းတာနဲ့ အဘွားအေးအိမ်က ခြံတံခါးကအမြဲဖွင့်ထားပြီးသား။ ဒါပေမဲ့ မိုးလင်းက မိုးချုပ် အဝင်အထွက်လုပ်မဲ့သူက မရှိသလောက်ပါပဲ။

တစ်ခါတလေ အဘွားအေးက အိမ်အပေါ်ထပ်ကို စမ်းတဝါးဝါးနဲ့ တက်လေ့ရှိတယ်။ လှေကားလက်ရန်းကို အားပြုပြီး တစ်ထစ်ချင်းသူတက်သွားတယ်။ ဖုန်တွေတက်နေတဲ့ အိမ်မကြီးရဲ့ကြမ်းပြင်မှာ ထင်ကျန်နေခဲ့တဲ့ အဘွားအေးရဲ့ ခပ်စိပ်စိပ်ခြေရာတချို့က အထီးကျန်လို့နေရဲ့။

သမီးကြီးနေခဲ့တဲ့ အခန်းသူလျှောက်လှမ်းလို့ဝင်ကြည့်တယ်။ ပြီးရင်သားတော်မောင်အိပ်ခဲ့တဲ့နေရာ။ နောက်နံရံအထက်မှာ ကပ်ထားတဲ့ မှန်ဘောင်ကြီးအနားကို အဘွားအေး ရောက်သွားခဲ့တယ်။ သားရှင်ပြုခဲ့တုန်းက အမှတ်တရရိုက်ဖြစ်ခဲ့တဲ့ မိသားစုဓာတ်ပုံလေးပေါ့။

ဓာတ်ပုံမှန်ဘောင်လေးမှာ ပေကျန်နေတဲ့ ဖုန်တွေကို အကြောပြိုင်းပြိုင်းထနေတဲ့ သူ့လက်နဲ့ အသာသုတ်လို့ တစ်ယောက်ချင်းကို လိုက်ပြီးကြည့်နေရဲ့။

ဓာတ်ပုံထဲမှ မိသားစုအားလုံးရဲ့ အပြုံးရိပ်အချို့ကို ပြန်မြင်လိုက်ရတဲ့ တခဏ အဘွားအေးရဲ့ရင်ထဲ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတွေက ရောထွေးလို့သွားတယ်။

အနားမှာ တစ်ယောက်မှမရှိတဲ့သူတွေရဲ့ ပုံရိပ်တချို့ကို အားရအောင် ကြည့်ပြီး အဘွားအေး မျက်ရည်တွေ ဝေ့တက်လို့လာတယ်။

နောက်ပြီး အိမ်ရဲ့ပြတင်းပေါက်ဆီကို သွားပြီး အားမပါတဲ့ သူ့ရဲ့လက်နဲ့ အသာဖွင့်လို့ အဝေးတစ်နေရာကို ငေးငိုင်ပြီး ကြည့်နေပြန်တယ်။

အသက်အရွယ်ရလာတော့မှ သမီးအကြီးမ မခင်မြကို သူနဲ့အတူနေဖို့ပြန်ခေါ်ထားရတယ်လေ။ ဒီအတွက် အဘွားအေး မရှိတော့တဲ့နောက် မခင်မြကိုလက်ရှိနေတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်နဲ့ ဝိုင်းကိုပေးပါ့မယ်လို့ပြောပြီး ခေါ်ထားရတယ်။

ဒီလိုကျတော့လည်း သျှောင်နောက်ဆံထုံးပါသွားတဲ့ မခင်မြ မနေသာပါဘူး။ ပြန်လာရရှာပါတယ်။ သားဖြစ်သူကတော့ ရန်ကုန် လှိုင်သာယာဘက်မှာ အခြေချပြီး အတော်လေး အဆင်ပြေလှဆိုပဲ။

xxxxx

အဘွားအေးတို့အရွယ်ကောင်းခဲ့တုန်းကဆိုရင် ဘာပြောကောင်းလိမ့်မလဲ။ အလုပ်နဲ့လက်ပြတ်တယ်လို့ကို မရှိတာရယ်။ သူ့အမျိုးသား ဦးစိန်မောင်ကြီးဆိုရင် ရွာနီးချုပ်စပ်မသိသူမရှိ၊ စပါးပွဲစားလုပ်ခဲ့တုန်းကပေါ့။

အဘွားအေးနဲ့ ဦးစိန်မောင်တို့ နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အတိုင်အဖောက်ညီညီနဲ့ ရုန်းကန်ပြီးတော့ ချီတတ်လာလိုက်တာ အတော်အတန်တော့ အဆင်ပြေခဲ့ကြတယ်ပြောရမယ်။

စေ့စပ်သေချာတဲ့ နေရာမှာလည်း အဘွားအေးတို့ကမပြောနဲ့။ အိမ်ထောင်ကျစကဆိုရင် ကိုယ့်ဘာသာကို တောထဲဝင်ပြီး ကျွဲလှည်းနဲ့သစ်ခုတ်တိုက်တာရယ်။ နောက်ဝါးထရံကျတော့ကော ကိုယ့်ဘာသာကိုပဲ ဖျာရက်ပြီး ကာလိုက်တာပဲ။ နေပြောက်ထိုးဖို့နေနေသာသာ အနီးကပ်ချောင်းကြည့်လို့မရအောင် ပြောစမှတ်တွင်ခဲ့တာ။ ဟော သက်ငယ်ပျစ်တာကျတော့ကော ကိုယ့်ဘာသာကိုယ်ကောက်ပြီးပျစ်တာပဲ။ လိုချင်သူရှိလို့ မှာရင်လည်း ကောက်ပျစ်ပြီး ရောင်းလိုက်သေးတာရယ်။

မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသလို လိုက်ဖက်လည်း ညီပါပေတယ်။ အဲဒီတုန်းကများ အဘွားအေးတို့က ပြောသေးတာရယ်။ ဘာတဲ့ ကိုယ်ခွဲလို့များရရင် ကိုယ်ပွားတွေခွဲပြီးတော့တောင် အလုပ်လုပ်ချင်ပါသတဲ့။ အဲဒီလောက်အထိ သူများတွေနဲ့အပြိုင် သားသမီးတွေရှေ့ရေးအတွက် လောဘတက်ခဲ့တဲ့ အဘွားအေးကြီးပေါ့။

အခုမှသာ စိတ်သွားတိုင်းကိုယ်မပါဆိုသလို အိမ်ပေါ်နဲ့ အိမ်အောက်တောင်မှ သူ့ခမျာ အနိုင်နိုင်ရယ်ပါ။ သိပ်လည်း မတက်နိုင်တော့ပါဘူး။ ဒါကြောင့်မို့ တစ်ခါတစ်ခါ အဘွားအေးက ပြောသေးတာ။

“ငါ့ကျတော့လည်းဟယ် လူဘဝကြီးကို ငြီးငွေ့အောင်ကိုနေရတာ ပျင်းဖို့ကောင်းလိုက်တာ၊ ဘယ်သူ့အတွက်မှလည်း အသုံးမဝင်တော့ လူပိုကြီးကိုဖြစ်လို့”တဲ့။

ဟုတ်မှာပေါ့လေ။ သူ့အနားလည်း ဘယ်သူမှလာပြီး ထိုင်စကားပြောမပေးနိုင်တာ။ မခင်မြကလည်း မိုးလင်းတာနဲ့အလုပ်ကိုထွက်၊ မိုးချုပ်မှအိမ်ပြန်ရောက်တာရယ်။ ယောကျ်ားရွာနဲ့ အမေ့အိမ်ကိုလည်း ကူးလိုက်သန်းလိုက်ပါပဲ။

ဒီတော့ သူ့ဘေးမှာရှိတဲ့ ရေဒီယိုလေးကို အဖော်ပြုပြီးနေရတာကမှ သူ့အတွက် အားပေးဖော်လို့ဆိုရသေးတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ်သားနဲ့သမီးအပေါ် အပြစ်မမြင်တတ်တဲ့ အဘွားအေးကတော့ မေတ္တာတွေပေး အမြဲနွေးထွေးစေခဲ့သူပါ။

xxxxx

အခုတော့အဘွားအေးရဲ့ အခြေအနေအရ သားသမီးနဲ့ မြေးတွေစုံလို့လာကြပြီလေ။ အဘွားအေးရဲ့ ခန္ဓာကိုယ်က ပိန်လှီခြောက်သွေ့လို့နေပြီ။ ပက်လက်အနေအထားကနေ အဘွားအေးအားယူပြီး သားနဲ့သမီးရှိရာကို မှန်းလို့ ဝေ့ကြည့်တယ်။ မျက်ရည်တွေနဲ့ ပြည့်နေတဲ့ အဘွားအေးရဲ့မျက်ဝန်းတွေက ဘယ်သူဘယ်ဝါဆိုတာ သဲသဲကွဲကွဲမြင်နိုင်ခြင်းကင်းမဲ့လို့နေပြီ။

“အမေ ဘာပြောချင်လို့လဲဟင်၊ ပြောလေ အမေ ဒီမှာအမေ့သမီးကော အမေ့သားပါ ရောက်နေပြီလေ”

သူကြားချင်တဲ့ လူသံတွေကို ရေဒီယိုလေးထဲကကြားနေရရင် အဘွားအေးက အနားမှာလူတွေလာပြီး စကားတွေပြောနေသလိုမျိုး အားရှိတယ်ဆိုပဲ။

အခုတော့ အဘွားအေးရဲ့အနားမှာ သူ့သားနဲ့သမီး၊ မြေးတွေလည်းစုံနေပါပြီ။ အသံတွေလည်း ကြားနေရပြီ မဟုတ်ပါလား။ အဘွားအေးခမျာ အားလုံးကို လိုက်ကြည့်ပြီး စကားတွေပြောချင်နေပုံရတယ်။

ဒါပေမဲ့ အဘွားအေးရဲ့ အခြေအနေက စကားလေးတောင်မှ ကောင်းကောင်း မပြောနိုင်ရှာတော့တဲ့ အခြေအနေပါ။ လူစုံတက်စုံရဲ့ အသံတွေကို ကြားရတာကိုက သူ့အတွက်ဝမ်းသာလှပြီထင်ပါ့။

နောက်ဆုံးတော့လည်း အဘွားအေးရဲ့ဆန္ဒတွေ ပြည့်ဝခဲ့ပြီလို့ပဲဆိုရလေမလား။ သူ့ရဲ့အဖော် ရေဒီယိုလေးကိုတော့ အဲဒီနေ့ကစလို့ အဘွားအေးခမျာ ရာသက်ပန် အနားပေးခဲ့လေတော့တယ်။ ။

## စိန်ပွင့်ပမာ လင်းလက်ပါ

**စိန်တစ်ပွင့်ရဲ့ ရာဇဝင်**
**ကမ္ဘည်းမှတ်တမ်းတင်၊**
**ကမ္ဘာမြေပြင် ဖိအားများ**
**ကျစ်လျစ်မာကျောသွား။**
**ကျောက်စိုင်ကျောက်သား ထက်ကိုသာ**
**လင်းလက်တောက်ပလာ၊**
**မာကျောခြင်းမှာ အဆင့်တစ်**
**တန်းဝင်ရတနာစစ်။**
**အနှစ်ဖြစ်လို့ အဖိုးမှန်**
**လူတိုင်းသုံးရပြန်၊**
**အဆင်တန်ဆာ ပြုလုပ်လို့**
**မြတ်နိုးကြတယ်ဗျို့။**
**လူငယ်တို့လည်း အတုယူ**
**စိန်ပွင့်စံနမူ၊**
**သူမတူအောင် ကြိုးစားမှ**
**ထူးချွန်ထက်မြက်ရ။**
**တောက်ပနိုင်ဖို့ အမြဲလေ**
**ဝီရိယလိုအပ်ပေ၊**
**ဖွဲ့လုံ့လကို စိတ်မှာမွေး**
**စိန်ပွင့်ဖြစ်မယ်လေး။ ။**

ဖိုးပြည့်(ပတ္တမြား)

## စိုက်ပျိုးနိုင်ငံ တို့ပြည်မြန်

ဆန်ရေစပါး ပေါကြွယ်လျှံ
စိုက်ပျိုးတို့နိုင်ငံ။
ကောက်ပဲသီးနှံ အထွက်တိုး
ရာသီအလိုက်စိုက်ပျိုး။
ပြည့်ဘဏ္ဍာတိုး တို့လယ်ယာ
ဂျုံ, နှမ်း, ပြောင်း စုံစွာ။
မြရောင်ပမာ စိမ်းစိုဝင်း
လှပရှုမြင်ကွင်း။
မြန်ပြည်အတွင်း တို့ရေမြေ
တန်ဖိုးကြီးမားပေ။
စီးပွားထွေထွေ အောင်မြင်မှု
နိုင်ငံအကျိုးပြု။
ညီညာပေါင်းစု ကြိုးပမ်းဆောင်
သီးနှံမျိုးစုံအောင်။
နိုင်ငံ့ဂုဏ်ဆောင် မြှင့်တင်ပေး
ဆောင်ရွက်စိုက်ပျိုးရေး။ ။

သာကီနွယ်{ညောင်ရမ်း}

## ပညာတန်ဆောင် ထွန်းလင်းပြောင်

ပညာရွှေအိုး တန်ဖိုးကြွယ်
နေလတန်ဆောင်ဖွယ်။
ဘယ်သူဘယ်ဝါ ခိုးမရ
ကိုယ်ပိုင်ဥစ္စာဗျ။
အထူးကြိုးစား သင်ယူပါ
သူဖုန်းစားပမာ။
ငယ်စဉ်အခါ ဆည်းပူးမှ
နောင်ရေးချမ်းသာရ။
ပညာပြည့်ဝ စိတ်ထားမှန်
ပြည့်ဝအသိဉာဏ်။
အမိနိုင်ငံ တိုးတက်မနှေး
ခေါင်းဆောင်ကောင်းတွေမွေး။
အမျိုးသားရေး ဇာတိမာန်
နိုးကြားတက်ကြွပြန်။
မိုးယံတိမ်ဖျား ဝင့်ကာကြွား
နေလအပြိုင် လင်းစွမ်းအား
ပညာစွမ်းပကား။ ။

ဈာန်လေး(ပညာရေး)

ဆောင်းပါး

# သက်ဆိုင်သူအဖြစ်မှ ပိုင်ဆိုင်သူအဖြစ်သို့

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

အောင်မြင်မှုဆိုသည်မှာ အဘယ်နည်း။ အောင်မြင်မှုဆိုသော စကား၏ အဓိပ္ပာယ်ကို လူပုဂ္ဂိုလ်အမျိုးမျိုးက အဖြေအမျိုးမျိုးပေးကြပါလိမ့်မည်။ သို့သော် အကြောင်းအရာအားဖြင့် ကွဲပြားသော်လည်း အဓိပ္ပာယ်အားဖြင့် တူညီပါလိမ့်မည်။ နားလည်လွယ်အောင် အရိုးရှင်းဆုံး ဆိုရလျှင် “အောင်မြင်မှု” ဆိုသည်မှာ လူတစ်ယောက်က သူ၏ရည်မှန်းချက်အတိုင်း လက်တွေ့ဘဝတွင် ပြည့်စုံသွားခြင်းပင်ဖြစ်သည်။

သာမန်လူသားအများစုသည် အောင်မြင်မှုနှင့် ပတ်သက်၍ ရဲရဲဝံ့ဝံ့ မတွေးတတ်၊ မတွေးဝံ့ကြပေ။ ထို့ကြောင့် များစွာသောလူတို့သည် ကြိုးစားကြပါလျက် ကြီးကျယ်မြင့်မြတ်သော အောင်မြင်မှုတို့နှင့် အလှမ်းဝေးနေကြခြင်း ဖြစ်လေသည်။ လူသားတိုင်းတွင် အခက်အခဲ အမျိုးမျိုးရှိကြပြီး အောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် ကြိုးစားကြရပါသည်။ သို့ရာတွင် လူအများစုမှာ မိမိရည်မှန်းချက် အောင်မြင်စေရန်ကိုမူ ကံတရားကိုသာ လွှဲချတတ်ကြသည်။

မဟုတ်ပေ။ စောင့်ဆိုင်းနေရမည့်အရာလည်း မဟုတ်ပေ။ မအောင်မြင်ခဲ့သော အကြိမ်များစွာထဲမှ သင်ခန်းစာယူ၍ အကြိမ်ကြိမ်ကြိုးစားမှသာ အောင်မြင်မှုကို ရရှိပေမည်။

မိမိတို့အနေဖြင့် အောင်မြင်မှုကိုရရှိရန် ငယ်စဉ်ဘဝကပင် ကြိုးစားအားထုတ်မှုတို့ဖြင့် ရင်းနှီးခဲ့ပြီး ဖြစ်လေသည်။ မိမိတို့အနေဖြင့် ကလေးဘဝအရွယ်က စာတစ်ပုဒ်ကို ကျက်မှတ်ရာတွင် တစ်ခေါက်တည်း ဖတ်ရုံဖြင့် မရခဲ့သည်ကို ပြန်သတိရနိုင်ပါသည်။ စာတစ်ပုဒ်ရခြင်းဟူသော အောင်မြင်မှုကို ရရှိစေရန် မိမိတို့မှာ အကြိမ်ကြိမ် ရွတ်ဆိုမှတ်သားခဲ့ကြရသည်။ မေ့နေသော နေရာ၊ အားနည်းသော နေရာများကို အကြိမ်ကြိမ်ရွတ်ဆိုမှတ်သားရင်းဖြင့် နောက်ဆုံးတွင် စာတစ်ပုဒ်ရရှိခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။ စာတစ်ပုဒ်ရခြင်းဟူသော အောင်မြင်မှုအတွက် စောင့်ဆိုင်းနေ၍ မရဘဲ အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်မှသာရရှိကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။

လက်တွေ့ဘဝ လုပ်ငန်းခွင်တွင်လည်း ဤသို့ပင်ဖြစ်သည်။ အောင်မြင်မှုရရှိရန် စောင့်ဆိုင်းနေ၍မရဘဲ အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်ခြင်းဖြင့်သာ ရရှိနိုင်

> “အောင်မြင်မှုဟူသည် လူတိုင်းနှင့်သက်ဆိုင်သောအရာဖြစ်သည်။ ထို့ကြောင့် မိမိတို့အားလုံးသည်လည်း အောင်မြင်မှုများနှင့် သက်ဆိုင်ပါသည်။ သို့သော် မိမိတို့အနေဖြင့် သတိပြုကြရမည်မှာ အောင်မြင်မှုများနှင့် သက်ဆိုင်ရုံသာရှိပါသေးသည်။ မပိုင်ဆိုင်ရသေးသည်ကို သတိပြုကြရမည်။ အောင်မြင်မှုများကို သက်ဆိုင်သူအဖြစ်မှ ပိုင်ဆိုင်သူအဖြစ်သို့ ရောက်ရှိလိုပါက ဆွဲ၊ လုံ့လ၊ ဝီရိယတို့ကို အဖော်ပြုပြီး ထက်သန်သော စိတ်ဓာတ်တို့ဖြင့် ကြိုးစားကြရမည်ဖြစ်သည်”

ထိုပုဂ္ဂိုလ်မျိုးသည် မိမိရည်မှန်းထားသည်ကို ရရှိစေရန် ကြိုးစားကြသော်လည်း ယုံကြည်မှုနှင့် စိတ်အားထက်သန်မှု အားနည်းကြလေသည်။ အောင်မြင်မှုရခဲ့လျှင်လည်း ကံတရားပဲ၊ မရခဲ့လျှင်လည်း ကံတရားပဲဟူ၍ မိမိအားနည်းချက်အတွက် အကာအကွယ်ယူတတ်ကြသည်။ အမှန်စင်စစ် ကောင်းသောအရာကို ပြုလုပ်လျှင် ကောင်းသောကံကို ရရှိမည်။ မကောင်းသောအရာကို ပြုလုပ်လျှင် မကောင်းသောကံကို ရရှိမည်ဟူ၍ ယုံကြည်မှုရှိသင့်ကြလေသည်။ ထိုသို့ဆိုလျှင် ကောင်းသောကံဟူသည် ကောင်းသောအလုပ်၏ အပေါ်တွင် မူတည်နေသည်မှာ ငြင်းဆိုဖွယ်ရာ မရှိပေ။ အောင်မြင်မှုရရှိရန် ကံတရားဟူသောအရာထက် အလုပ်ဟူသောအရာက တိုက်ရိုက်ပတ်သက်နေလေသည်။ ထို့ကြောင့်ပင် “အောင်မြင်မှု” ဟူသည် စောင့်ဆိုင်းရမည့်အရာ မဟုတ်၊ ဆောင်ရွက်ရမည့်အရာသာဖြစ်ကြောင်း ပညာရှိတို့က အကြိမ်ကြိမ်သတိပေးခဲ့ခြင်း ဖြစ်သည်။

များစွာသောလူတို့သည် ကြိုးစားအားထုတ်မှုကို ပြုလုပ်ကြပါလျက် အောင်မြင်မှုနှင့် ဝေးနေကြရသည်က များလေသည်။ အကြောင်းမှာ တစ်ကြိမ်တစ်ခါတည်းဖြင့် ကြိုးစား၍ မအောင်မြင်ခဲ့လျှင် မရနိုင်လောက်ဘူးထင်၍ အကြိမ်ကြိမ် ကြိုးစားကြည့်ရမည်ကို ဝန်လေးနေကြခြင်းကြောင့် ဖြစ်လေသည်။ သူတို့၏စိတ်တွင် မအောင်မြင်ခဲ့သော အကြိမ်များစွာကို ရှုံးနိမ့်မှုကြီးသဖွယ် ခံယူခြင်းကြောင့်လည်း ဖြစ်သည်။ “အောင်မြင်မှု” ဟူသည် တစ်ကြိမ်တစ်ခါတည်းကြိုးစားပြီး ရပ်တန့်နေရမည့်အရာ

ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုဖြင့် လူသားတစ်ဦး၏အကြောင်းကို အနည်းငယ်မျှ တင်ပြလိုပါသည်။ ထိုသူမှာ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး သောမတ်အယ်လ်ဗာအယ်ဒီဆင်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် ညအချိန်ကို နေ့အချိန်သဖွယ် လျှပ်စစ်မီးသီးများဖြင့် အလင်းရောင်ပေးနိုင်နေခြင်းမှာ အယ်ဒီဆင်၏ ကြိုးစားမှုများစွာထဲမှ အောင်မြင်မှုတစ်ခုကြောင့်ပင်ဖြစ်သည်။ ကမ္ဘာကြီး တိုးတက်လာခြင်းမှာ လျှပ်စစ်မီးသီးကို အောင်မြင်စွာ တီထွင်ပေးနိုင်ခဲ့ခြင်းကြောင့်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။ အယ်ဒီဆင်သည် လျှပ်စစ်မီးသီးကို တီထွင်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့ခြင်း မဟုတ်ပေ။ သူသည် အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ အကြိမ်တစ်ထောင်မက စမ်းသပ်ကြိုးစားခဲ့ခြင်းဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူသည် မအောင်မြင်ခဲ့သော စမ်းသပ်မှုများစွာ၊ လုပ်ဆောင်မှုများစွာကို ရှုံးနိမ့်မှုဟု မသတ်မှတ်ခဲ့ပေ။ လျှပ်စစ်မီးသီးတီထွင်ပြုလုပ်ရန် မရနိုင်သော နည်းလမ်းများကို တွေ့ရှိခြင်းဟုသတ်မှတ်ကာ ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန် နည်းလမ်းကို အောင်မြင်စွာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဤအကြောင်းအရာကို ထောက်ရှု၍ အောင်မြင်မှုဟူသည် စောင့်ဆိုင်းရမည့်အရာ မဟုတ်ဘဲ၊ အကြိမ်ကြိမ်ကြိုးစားဆောင်ရွက်ရမည့်အရာဖြစ်ကြောင်း သတိပြုမိကြပေလိမ့်မည်။ အောင်မြင်မှုရရှိလာခြင်းသည် အခက်အခဲ၊ ပြဿနာများကို ရင်ဆိုင်ကျော်ဖြတ်လာနိုင်ခြင်း၏ သင်္ကေတတစ်ခုလည်း ဖြစ်သည်။ မိမိရည်မှန်းချက်အတွက် အခက်အခဲများနှင့် ကြုံတွေ့လာပါက အောင်မြင်မှုရရှိရန် အခွင့်အလမ်းများဟု သိရှိလက်ခံကြရပေမည်။ လူတိုင်းတွင် အခက်အခဲအမျိုးမျိုးရှိကြသည့်အတွက် အခက်အခဲနှင့်အတူ အောင်မြင်မှုရရှိရန် အခွင့်အလမ်းများလည်း ရှိကြသည်ပင်ဖြစ်သည်။

အောင်မြင်မှုဟူသည် လူတိုင်းနှင့် သက်ဆိုင်သော အရာဖြစ်သည်။ ထို့ကြောင့် မိမိတို့အားလုံးသည်လည်း အောင်မြင်မှုများနှင့် သက်ဆိုင်ပါသည်။ သို့သော် မိမိတို့အနေဖြင့် သတိပြုကြရမည်မှာ အောင်မြင်မှုများနှင့် သက်ဆိုင်ရုံသာ ရှိပါသေးသည်။ မပိုင်ဆိုင်ရသေးသည်ကို သတိပြုကြရမည်။ အောင်မြင်မှုများကို သက်ဆိုင်သူအဖြစ်မှ ပိုင်ဆိုင်သူအဖြစ်သို့ ရောက်ရှိလိုပါက ဆွဲ၊ လုံ့လ၊ ဝီရိယတို့ကို အဖော်ပြုပြီး ထက်သန်သော စိတ်ဓာတ်တို့ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ ထိုသို့ကြိုးစားနေသူများအားလုံး အောင်မြင်မှုများကို သက်ဆိုင်သူအဖြစ်မှ ပိုင်ဆိုင်သူအဖြစ်သို့ လျှောက်လှမ်းရရှိနိုင်သည့် လူသားအရင်းအမြစ်များဖြစ်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

## ကြည်နူးစရာ မိုးဝသန်

န္တားညီနောင် ထမ်းပိုးကောက်ပါလို့
မိုးအရောက် လယ်ထွန်နေ။
တမန်းပြင် အလွန်များဖို့
ခုနစ်သွား မွှေ။
တောင်သူကြီး တို့ဖေဖေ
မချို့ပေ လုံ့လဖွဲ့။
သီးနှံစုံ အထွက်တိုးအောင်
အားကြိုးမာန် ခဲ။
ဘိုးဘွားမြေ လယ်ယာထဲ
တွယ်တာမြဲ တစ်နေကုန်။
ပျိုးနုတ်ကာ အချိန်ကိုက်
ကောက်စိုက်တစ်ဖုံ။
မိသားစု အသိုက်အမြုံ
ဖူလုံဖို့ ဖေဖေကြိုး။
ပင်ပန်းစေ မမှုအားတယ်
စပါးစိုက်ပျိုး။
ဒေဝါရှင် ကိုရွှေမိုးက
စွေဖြိုးလှ အချိန်မှန်။
ကောက်ပင်တွေ ဘယ်ညာယိမ်းလို့
စိမ်းညို့နေပြန်။
ကြည်နူးစရာ မိုးဝသန်
အဖိုးတန် ရွှေစပါး။
မြင်ရသူ စိတ်နှလုံးဝယ်
ရွှင်ပြုံးလို့သွား။ ။

အရှင်ဝါယမ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၁၂,၉၃၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ခုနစ်ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၈၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄၅) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | (၁) ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၆၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၂၄) ခု | (၁) ဦး |
| **စုစုပေါင်း** | **(၅,၈၉၄) ခု** | **(၁၁) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၉၆၈၈၁၉ | ၈၃၆၉၇၀၁၅ | ၁၀၃၈၂၆၅ |
| ၂။ | အိန္ဒိယ | ၄၃၂၈၃၇၉၃ | ၄၂၆၉၀၈၄၅ | ၅၂၄၈၄၀ |
| ၃။ | ဘရာဇီး | ၃၁၆၇၃၃၇၅ | ၃၀၃၁၀၇၇၂ | ၆၆၈၉၆၃ |
| ၄။ | ပြင်သစ် | ၃၀၀၇၉၄၅၈ | ၂၉၃၁၃၉၅၉ | ၁၄၉၀၃၉ |
| ၅။ | ဂျာမနီ | ၂၇၁၂၄၄၅၉ | ၂၆၁၅၀၀၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၇၂၅၀၃ | ၂၂၀၇၀၂၄၅ | ၁၇၉၅၁၉ |
| ၇။ | ရုရှား | ၁၈၃၉၅၁၇၉ | ၁၇၈၁၉၃၉၅ | ၃၈၀၄၀၁ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၇၀၄၈၁ | ၁၈၀၀၇၉၂၂၂ | ၂၄၄၂၇ |
| ၉။ | အီတလီ | ၁၇၈၀၉၉၃၄ | ၁၇၀၇၀၂၃၁ | ၁၆၇၆၅၈ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၇၁၀၇ | ၉၅၉၇၃၇၅ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၆၉၀၈ | ၅၉၀၂၁၆၂ | ၁၅၆၆၈၄ |
| ၃။ | မလေးရှား | ၄၅၃၆၇၉၅ | ၄၄၇၅၄၃၈ | ၃၅၇၃၁ |
| ၄။ | ထိုင်း | ၄၄၉၇၁၅၂ | ၄၄၄၅၃၉၂ | ၃၀၄၄၈ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၅၆၅၂ | ၃၆၃၁၀၀၉ | ၆၀၄၆၇ |
| ၆။ | စင်ကာပူ | ၁၃၆၀၇၈၀ | ၁၂၇၆၈၁၆ | ၁၄၀၂ |
| ၇။ | မြန်မာ | ၆၁၃၄၈၅ | ၅၉၂၄၈၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၆၄၅၂ | ၁၅၂၄၉၀ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇွန် ၁၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ဓမ္မသုခကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကံထူးကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မဇေယျုံကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ တောင်လှမော် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ မဂ္ဂင်တောရရိပ်သာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ




နေပြည်တော် ဇွန် ၁၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၄ မျိုး (၂၀၅၄၆.၁၂ Kg)တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# သီးနှံဈေးကွက်

ဆရာမဲဇာ

အမျိုးသားအဆင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေးမူဝါဒ (National Food Safety Policy) နှင့်ပတ်သက်၍ ၂၈-၄-၂၀၂၂ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် "ယခုမူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားဆင့်အစားအသောက် ဘေးအန္တရာယ်ထိန်းချုပ်ရေးစနစ်ဆိုင်ရာ ဥပဒေသများနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်ကြောင်း" ဟု ဖော်ပြထားသည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရန် ဦးတည်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

ထို့ပြင် "အစားအသောက်ကြောင့်ဖြစ်သည့် ကျန်းမာရေးဆိုးကျိုးများကို ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် စိတ်ချယုံကြည်ရသည့် အစားအသောက်ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ကြောင်း" ဖော်ပြထားသည်ကို ဖတ်ရှုလျက် "သစ်သီးဈေးကွက်"တစ်ရပ် ဖော်ထုတ်နိုင်သော်ကောင်းလေစွဟု အားရမိပါသည်။

**ကျန်းမာရေးအတွက် သစ်သီးစားသုံးခြင်း**

သီးနှံစားသုံးသူတို့အနေဖြင့် ယခင်နှင့်ယခုမတူသောသဘောထားမှာ "ကျန်းမာရေးအတွက် သစ်သီးစားသုံးခြင်း" ဟူသော အချက်ပင်ဖြစ်ပါသည်။ ယခင်က သီးနှံတို့၏အရသာကို အဓိကထား၍ စားကြသော်လည်း ယခုအခါတွင် သီးနှံများတွင်ပါသော အရသာ၊ အာဟာရသာမက လတ်ဆတ်မှု၊ ဘေးအန္တရာယ်ကင်းမှုတို့ကိုပါ ထည့်သွင်းတွက်ချက်ရွေးချယ်လာကြသည်။

ထမင်းစားပြီးလျှင် ချိုမြိန်ဖွယ် သစ်သီးမှည့်တစ်ခုခုကို အစာပိတ်စားကြသောဓလေ့မှ ပြောင်းလဲလျက် သီးနှံကို အစာမစားခင်(ထမင်းမစားခင်) ဦးစွာစားလာကြသည်ကို တွေ့ရ၏။ အထူးသဖြင့် နံနက်စာ(Breakfast)ကို သစ်သီးများဖြင့် စတင်စားသောက်ကြပြီး သီးနှံ၏ အရသာထက် ၎င်းတို့၏ ကျန်းမာရေးအကျိုးရလဒ်ကို မျှော်ကိုး၍ စားလာကြပါသည်။

"သစ်သီးများကို မချက်မပြုတ်ဘဲ အစိမ်းစားနိုင်သဖြင့် ချက်ပြုတ်ရာတွင် ပျက်စီးလွယ်သော ဗီတာမင်ဓာတ်များ (ဥပမာ-ဗီတာမင်အေ၊ ဗီတာမင်စီ) ကို သစ်သီးများမှ အများအပြားရနိုင်ပါသည်" ဟူ၍ ကျွန်တော်တို့ပညာပေးကာ သစ်သီးများကို ကျန်းမာရေးတန်ဖိုးထား၍စားရန် တိုက်တွန်းခဲ့ပါသည်။

"ဟင်းသီးဟင်းရွက်၊ သစ်သီးများသည် အမျှင်ဓာတ်များရနိုင်၍ ဝမ်းပျော့ပျော့သွားစေပြီး ဝမ်းမှန်စေပါသည်။ သို့ဖြစ်၍ အူအတွင်း ရောဂါများဖြစ်ပွားမှုကို ကာကွယ်လေသည်" ဟူ၍ သီးနှံတို့၏ ကျန်းမာရေးတန်ဖိုးသည် အာဟာရဓာတ်၊ သက်စောင့်ဓာတ်များ ရရှိရုံသာမက ကင်ဆာကဲ့သို့ ရောဂါကြီးများကိုပင် (အထူးသဖြင့် အစားလမ်းကြောင်းတွင် ဖြစ်ပွားသော ကင်ဆာများ) ကြိုတင်ကာကွယ်နိုင်ကြောင်း ယုံကြည်လက်ခံကြ၍ လူတို့စားသုံးရန် မရှိမဖြစ်လိုအပ်သော အမျှင်ဓာတ်(Fibers)များကို စားသုံးရန် တိုက်တွန်းကြရခြင်းဖြစ်ပါသည်။

သို့သော် ကျန်းမာရေးအကျိုးအမြတ်နှင့်အတူ ပြဿနာများလည်း ပူးတွဲပါလာနိုင်သည်ကို သတိချပ်ဖို့လိုပါ၏။ မချက်မပြုတ်ဘဲ အစိမ်းစားနိုင်သည့် သစ်သီးများတွင်ပါလာနိုင်သည့် ရောဂါပိုးများ၊ ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာအကြွင်းအကျန်များသာမက ခေတ်မီနည်းစနစ်ဖြင့် လှအောင်၊ ချိုအောင်၊ မြန်မြန်မှည့်အောင်ပြုလုပ်ထားသော ဓာတ်ပစ္စည်းများ၏အန္တရာယ်ကို သိရှိထားမှ ဖြစ်ပါမည်။



စားသုံးသူက သိရှိထားရုံ၊ မိမိကိုယ်ကို ကာကွယ်နိုင်ရုံနှင့်မပြီးပါ။ သစ်သီးခြံမှနေ၍ စားသုံးသူပါးစပ်ထဲရောက်သည်အထိ ဆက်စပ်ပတ်သက်နေသော စနစ်တစ်ခုလုံးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်များမဖြစ်စေရန် ကာကွယ်ပေးထားဖို့လိုပါ၏။ ဤအတွက် သီးနှံမျိုးစေ့မှစ၍ စိုက်ပျိုးပုံ၊ ဆွတ်ခူးပုံ၊ သိုလှောင်ပုံ၊ သယ်ပို့ပုံ၊ လက်ကားရောင်းချပုံ၊ လက်လီရောင်းချပုံအဆုံး စားသုံးသူတို့၏ ကျန်းမာရေးအသိပညာနှင့် သတိပြုကာကွယ်နိုင်မှုတို့သည် အဆင့်တိုင်းတွင် အရေးကြီးလျက်ရှိသည်။

တာဝန်ခံမှု၊ တာဝန်ယူမှုအဆင့်ဆင့်မှ ဦးစားပေးအလေးထားရန်လိုအပ်လာ၏။ ခြံစိုက်တောင်သူမှစ၍ အိမ်ရှင်မတို့အဆုံး အဆင့်ဆင့်အသိပညာရှိမှုလိုအပ်သကဲ့သို့ ကုန်သွယ်စီးပွား ကွင်းဆက်တစ်ရပ်လုံးမှ တာဝန်ရှိရှိဆောင်ရွက်ရန် မူဝါဒနှင့် ဥပဒေများ လိုအပ်လှပေသည်။

သစ်သီးများ တင်ပို့ရောင်းချရာမှ ကူးစက်ရောဂါဖြစ်ပေါ်ခြင်းကား ယခုအခါ ကမ္ဘာ့ပြဿနာဖြစ်လာနေပေပြီ။ လောလောဆယ် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် စတော်ဘယ်ရီသီးများ စားသုံးမိရာမှ အသည်းရောင်အသားဝါ(A)ပိုး ဝင်ရောက်ပြီး ရောဂါရနေသူများရှိလာသဖြင့် ဈေးကွက်ထဲမှ စတော်ဘယ်ရီသီးများကို ဖျက်ဆီးနေရပါသည်။ စတော်ဘယ်ရီသီးများမှာ အခွံနွှာစရာမလို၊ တိုက်ရိုက်စားသုံးရသည်ဖြစ်ရာ ပိုးပါလာပါက အလွယ်တကူ ကူးစက်နိုင်သည်မှာ အမှန်ပင်။ ထို့ပြင် စားသုံးသူထံရောက်ဖို့အတွက် ခရီးစဉ်တစ်လျှောက် ရောဂါပိုးဝင်ရောက်ရန် အခွင့်အရေးများစွာ ရှိနေသည်။

**လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ခန့်က**

အသည်းရောင်အသားဝါ(A)ပိုးသည် မစင်မှတစ်ဆင့် ကူးစက်သည်။ ရောဂါရှိသူ၏ မစင်မှတစ်ဆင့် ရေထဲ၊ အစာထဲဝင်ရောက်ပြီး အသည်းရောင်ရောဂါကို ဖြစ်စေပါ၏။ သို့သော် လွန်စွာမပြင်းထန်သဖြင့် အချိန်တန်လျှင် ပျောက်ကင်းနိုင်၏။ ကာကွယ်ဆေးများလည်းရှိလာပါပြီ။ လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ခန့်က မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော အသည်းရောင်အသားဝါ(A)ပိုး ကူးစက်ပျံ့နှံ့မှုကို သတိရစရာဖြစ်ပါသည်။ ထိုစဉ်က အများဆုံး ကူးစက်ပျံ့နှံ့ရာနေရာမှာ မန္တလေးမြို့ ရွှေတစ်ချောင်းမြောင်း ပတ်ဝန်းကျင်တွင် ဖြစ်သည်။

မစင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုး၊ ဗိုင်းရပ်စ်ပိုးများသည် စတော်ဘယ်ရီသီးများ စားသုံးရာမှ ကူးစက်ခံရသည်ကို အမေရိကန်နိုင်ငံ FDA မှ သတိပေးနေရ၏။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကလည်း ဂျာမနီနိုင်ငံတွင် သခွားသီးများ စားသုံးရာမှ ပိုးများပါဝင်သဖြင့် ကျောက်ကပ်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အရှေ့ဥရောပမှ တင်သွင်းလာသော သခွားသီးများတွင် လူ့မစင်မှပါသော (E.coli) ဗက်တီးရီးယားပိုးများကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ သီးနှံများကို ဘေးကင်းအောင် ဆောင်ရွက်ရေးသည် လူတိုင်းကျန်းမာရေးအတွက် အထူးပင်အရေးကြီးသည်ဟု ဆိုရပေမည်။ ယခုအခါ သီးနှံများကို ရှေ့တန်းတင်၍ "မရှိမဖြစ် အာဟာရ" (Dietary Essentials) ဟူ၍ပင် ခေါ်ဆိုနေကြလေပြီ။ တစ်ချိန်က အစားပိတ်အဖြစ် အသုံးချရာမှ ယခု "မရှိမဖြစ်" စားသုံးရန် လိုအပ်သည်ဟု ယူဆခဲ့ရာတွင် သီးနှံများ၊ ဟင်းသီးဟင်းရွက်များတွင် ပါဝင်သော အာဟာရဓာတ်၊ ဗီတာမင်ဓာတ်၊ အမျှင်ဓာတ်သာမက လူတိုင်းအသက်ရှင်ရေးအတွက် လိုအပ်သော ပရိုဘိုင်အိုးတစ်(Probiotics)များ ပါဝင်နေကြောင်း သိရသဖြင့် လူတိုင်းတန်ဖိုးထား စားသုံးလာကြပြီဖြစ်သည်။

ဤသို့ တန်ဖိုးထား စားသုံးလာကြသည်နှင့်အမျှ "သစ်သီးဈေးကွက်"သည်လည်း အထူးပင် အရေးပါလာတော့၏။ လွန်ခဲ့သောရက်ပိုင်းက ထွက်ပေါ်လာသော သတင်းတစ်ရပ်တွင် ထိုင်းနိုင်ငံသည် သစ်သီးများ တင်ပို့ရောင်းချ၍ တစ်နှစ်တာ၏ဝင်ငွေ ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံကျော် ရရှိလာကြောင်း တွေ့ရ၏။ "Thailand Fruit Exports are riding the Health Trend" "ကျန်းမာရေးဦးစားပေး လှိုင်းပေါ်စီး၍ ထိုင်းတို့သစ်သီးတင်ပို့ခြင်း" ဟူ၍ အမည်တပ်ထားလေသည်။

ထိုင်းနိုင်ငံမှ သစ်သီးများသည် ဂျပန်နိုင်ငံတွင် မျက်နှာပန်းလှနေပါ၏။ ယခင်က သရက်သီးမျှသာ ဈေးကွက်ဝင်သော်လည်း ယခုအခါ ထိုင်းထွက် ဒူးရင်းသီး၊ မင်းဂွတ်သီး စသည့် သစ်သီးများသာမက အုန်းသီးနှင့် အုန်းရည်များပင် ဈေးကြီးကြီးနှင့် ရောင်းချ၍ ရနေပေသည်။ သူတို့နိုင်ငံတွင် ခေတ်မီနည်းဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ရောင်းချရာ၌ သစ်သီးများသည်သာမက ဖျော်ရည်များ၊ သစ်သီးခြောက်များ၊ တန်ဖိုးမြှင့် သစ်သီးထုတ်ကုန်များပါ ဘက်စုံပါဝင်နေလေသည်။

**မြန်မာ့မြေမှာ စိုက်ပျိုးထွက်ရှိခဲ့သောသီးနှံများ**

အရေးကြီးသည့်အချက်မှာ ကမ္ဘာ့ဈေးကွက်ထဲသို့ ထိုးဖောက်ရာတွင် "အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး" ဆိုင်ရာ စီမံခန့်ခွဲမှုများ ရေပက်မဝင်နိုင်အောင်နှင့် လုံလုံခြုံခြုံပြည့်စုံဖို့ ကြိုးစားကြရပါမည်။ အမှန်တော့ ထိုင်းနိုင်ငံမှတစ်ဆင့်ထွက်သော သီးနှံများထဲတွင် မြန်မာ့မြေမှာ စိုက်ပျိုးထွက်ရှိခဲ့သောသီးနှံများပါမည်မှာ အမှန်ပင်။

မြန်မာ့ရေမြေသဘာဝသည် သီးနှံများအတွက် သင့်တော်လှသော ရတနာမြေပင်ဖြစ်သည်။ မြန်မာ့သစ်သီးများသည်လည်း ဈေးကွက်ဝင်ပြီးဖြစ်သည်။ အထူးသဖြင့် စိန်တစ်လုံးသရက်သီးကို တရုတ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ စိန်တစ်လုံးမတိုင်မီက မြကျောက် သရက်သီးများမှာလည်း နိုင်ငံခြားဈေးကွက်ရှိခဲ့၏။ မြန်မာပြည်ထွက် ဖရဲသီးများ၊ သခွားမွှေးသီးများမှာလည်း နိုင်ငံခြားတင်ရန် မျက်နှာပန်းလှပါသည်။ ထိုသစ်သီးများကို ကျော်လွှား၍ နာမည်ထွက်လာသောသစ်သီးမှာ ထောပတ်သီးပင်ဖြစ်ပါ၏။ ဥရောပဈေးကွက်အထိ ဝင်ဆံ့နေသည်ကို တွေ့ရ၏။

မြန်မာ့ထောပတ်သီး၏ နိုင်ငံခြားဈေးကွက်အကြောင်း စဉ်းစားနေစဉ်မှာပင် ၅-၆-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် ထောပတ်ခြံများ၌ ပိုးမွှားစစ်တမ်း သုတေသနပြုလုပ်မည်" ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ပါရှိလာသည်။

"ပိုးမွှားစစ်တမ်း သုတေသနလုပ်ဆောင်သည့်အတွက် ထောက်ပတ်သီးတွင် မည်သည့်ပိုးများပါရှိပြီး ယင်းဖျက်ပိုးများသည် လက်ခံနိုင်သည့်ဖျက်ပိုးဟုတ်/မဟုတ်နှင့် မဟုတ်ပါက မည်သို့နှိမ်နင်းရမည်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ သုတေသနအစီအစဉ်သည် တရုတ်နိုင်ငံသို့ Export တင်ပို့ရန်အတွက်သာ မဟုတ်ဘဲ အခြားနိုင်ငံဈေးကွက်များအတွက်ပါ အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုအချိန်မှစ၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းသတင်းတွင် တိုင်းပြည်၏ကြိုးစားအားထုတ်မှုကို ထင်ဟပ်ပြသနေသဖြင့် ဝမ်းမြောက်စရာပင်ဖြစ်သည်။

တစ်ချိန်က စိုက်ပျိုးရေးဆိုင်ရာ သတင်းများသည် ကျယ်ကျယ်ပြန့်ပြန့်မရှိဘဲ စိတ်ဝင်စားသူအချို့နှင့်သာ သက်ဆိုင်သော သတင်းများဖြစ်ပါ၏။ သီးနှံဈေးနှုန်းများမှာလည်း ဝယ်သူအကြိုက် (ပွဲစားအကြိုက်) ဖြစ်ခဲ့၏။ စားသုံးသူတို့အတွက်မူ ဈေးသည်ရောင်းသော ဈေးနှုန်းနှင့် သီးနှံအခြေအနေကို မလွှဲမရှောင်သာ လက်ခံကြရုံသာရှိပါ၏။ အထူးသဖြင့် ပြည်တွင်းသို့ တင်သွင်းလာသော သီးနှံများ၊ ကုန်စိမ်းများကို စနစ်တကျ သေသေချာချာ စစ်ဆေးရန် အခွင့်မသာခဲ့ချေ။ နိုင်ငံခြားဈေးကွက်က မြန်မာ့သီးနှံများကို တင်းကြပ်စွာစစ်ဆေးပြီးမှ လက်ခံကြသော်လည်း မြန်မာပြည်တွင်းမှ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) ဖြစ်စေရန် အဘက်ဘက်က လိုအပ်ချက်များရှိခဲ့သည်။

သီးနှံဈေးကွက်အကြောင်းရေးရင်းဖြင့် သားငယ်ငယ်က စိုးရိမ်တကြီး ဖြစ်ခဲ့ပုံကို သတိရမိ၏။

"ဖေဖေ၊ ဖရဲသီးစားရင် AIDS ဖြစ်သလား"

" မဖြစ်နိုင်ပါဘူး သားရယ်၊ ကြံကြံဖန်ဖန်"

"ဖေဖေတို့ပဲ ပညာပေးခဲ့ကြတယ်လေ။ ဆေးထိုးအပ်အဟောင်းတွေကို ပြန်သုံးရင် အပ်ထဲမှာ HIV ပိုးတွေပါပြီး ကူးရင် AIDS ဖြစ်တယ်ဆို"

"ဟုတ်တယ်လေ။ မူးယစ်ဆေးအကြောထဲ ထိုးတဲ့သူတွေရဲ့ သုံးပြီးသားအပ်တွေမှာ ပိုးတွေကပ်နေနိုင်လို့ပါ"

"သားသူငယ်ချင်းတွေက ပြောကြတယ်။ ဖရဲသီးတွေထဲကို ဆေးထိုးအပ်တွေနဲ့ ဘာတွေထိုးထည့်သလဲ မသိဘူး။ အပ်မသန့်လို့ ပိုးကူးရင် ဒုက္ခပဲ"

ဤသို့ သားအဖနှစ်ယောက် ဖရဲသီးနှင့် ဆေးထိုးအပ်ကိစ္စ ခေါင်းစားခဲ့ရလေသည်။ အခုနောက်ပိုင်း ဆေးစိမ်ငှက်ပျောသီးကိစ္စ၊ ဆေးတို့လိမ္မော်သီးကိစ္စများကိုတော့ ဆွေးနွေးဖို့အချိန်ယူရဦးမည် ဖြစ်ပါသည်။ ။

> မြန်မာ့ရေမြေသဘာဝသည် သီးနှံများအတွက် သင့်တော်လှသော ရတနာမြေပင်ဖြစ်သည်။ မြန်မာ့သစ်သီးများသည်လည်း ဈေးကွက်ဝင်ပြီးဖြစ်သည်။ အထူးသဖြင့် စိန်တစ်လုံးသရက်သီးကို တရုတ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ စိန်တစ်လုံးမတိုင်မီက မြကျောက်သရက်သီးများမှာလည်း နိုင်ငံခြားဈေးကွက်ရှိခဲ့၏။ မြန်မာပြည်ထွက် ဖရဲသီးများ၊ သခွားမွှေးသီးများမှာလည်း နိုင်ငံခြားတင်ရန် မျက်နှာပန်းလှ

# ခရီးသွားမြို့အဖြစ်တည်တံ့ဖို့ ချယ်ရီပင်တွေ စိုက်ပျိုးထိန်းသိမ်းကြပါစို့

**ရဲယံ**

ဖြူ၊ ပြာ၊ နီ၊ ဝါ အရောင်စုံသော ပန်းခင်းများကြောင့်၊ ချယ်ရီပန်းများ၏ အလှကြောင့်၊ အေးချမ်းသော သဘာဝ ရေမြေရာသီဥတုကြောင့်၊ ကိုလိုနီခေတ်ကျန်အဆောက်အအုံများကြောင့် ပြည်တွင်းပြည်ပခရီးသွားများ နှစ်သက်စွာ လည်ပတ်သောနေရာတစ်ခုအဖြစ် ပြင်ဦးလွင်မြို့သည် ထင်ရှား၏။ ပြင်ဦးလွင်မြို့ကို မေမြို့၊ ချယ်ရီမြို့၊ တောင်လေ့ကားမြို့၊ တောင်စခန်းမြို့၊ ပန်းမြို့တော် စသည့် အမည်နာမများစွာဖြင့်လည်း လူသိများသည်။ ပြည်တွင်းပြည်ပခရီးသွားများ နှစ်သက်ကြသည့် လှပအေးချမ်းသော ခရီးသွားစခန်းသာမြို့အဖြစ် ရေရှည်တည်တံ့စေရန် တည်ရှိနေသည့် သဘာဝအလှအပများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

"ချယ်ရီဆိုတာ ဂျပန်၊ တရုတ် စတဲ့ နိုင်ငံတွေမှာလည်း သူတို့နိုင်ငံရဲ့ အလှအပကို ဖော်ပြတဲ့ပန်းတစ်ခုပဲ။ ကျွန်တော်တို့မြို့ဟာ အေးချမ်းတယ်၊ လှပတယ်၊ ဒီလိုအကြောင်းတရားတွေကို ချယ်ရီပန်းလေးတွေက တစ်နည်းနဲ့ ဖော်ပြပေးနေတာပါ။ ဒါကြောင့် ချယ်ရီတွေ ပြင်ဦးလွင်မြို့မှာ ပိုပြီးရှိစေချင်တယ်။ ချယ်ရီတွေပွင့်ရင် လှနေတဲ့ ကိုယ့်မြို့လေးအတွက် ဂုဏ်ယူတယ်"ဟု ပြင်ဦးလွင်မြို့တွင် နေထိုင်သည့် ဦးစိုင်းအောင်က ဆိုသည်။

### ချယ်ရီပင်များ လျော့နည်းဆုံးရှုံးလာရ

သို့သော်လည်း တိုးပွားလာသည့် လူဦးရေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာခြင်းကြောင့် ချယ်ရီပင်များ လျော့နည်းဆုံးရှုံးလာရသည့် အခြေအနေနှင့် တွေ့ကြုံလာရသည်။ ချယ်ရီပင်များသည် ပြင်ဦးလွင်မြို့၏ အဓိကအထိမ်းအမှတ်တစ်ခု ဖြစ်သည့်အတွက် သစ်တောဦးစီးဌာနက လုပ်ငန်းစီမံချက်ရေးဆွဲ၍ စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်။

သစ်တောဦးစီးဌာန အနေဖြင့် ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော် ဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ငါးနှစ်တာကာလအတွက် ရေးဆွဲထားရှိပြီးဖြစ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးချိန်၌ ချယ်ရီပင်များကို နှစ်စဉ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ စီမံချက်ကာလကို ၂၀၂၂ ခုနှစ် မိုးရာသီကနေ ၂၀၂၆ ခုနှစ် မိုးရာသီအထိ သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရာမှာ စိုက်တဲ့အပင်တိုင်း ရှင်သန်နိုင်ဖို့ အမြင့်နှစ်ပေအထက်ရှိတဲ့ ချယ်ရီပျိုးပင်တွေကို စိုက်သွားမှာဖြစ်ပြီးတော့ တစ်နှစ်ကိုအနည်းဆုံး ချယ်ရီပျိုးပင်သုံးသောင်း စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရာမှာလည်း ဘာပဲစိုက်စိုက် ရှင်အောင်စိုက်ဆိုသလို စိုက်ပျိုးတဲ့အပင်တွေ ရှင်သန်ဖို့အတွက် သစ်တောစိုက်ခင်း ပြုစုထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေအတိုင်း ဆောင်ရွက်သွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

### ချယ်ရီမြို့တော်

ပြင်ဦးလွင်မြို့အား ထင်ရှားမြို့တော်ဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ပြင်ဦးလွင်မြို့၏ Landmark ဖြစ်သော ချယ်ရီပင်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြင်ဦးလွင်မြို့နယ်အား ချယ်ရီမြို့တော်ဖြစ်စေရန်၊ ချယ်ရီပင်များ ထိန်းသိမ်းခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများဖြင့် ပြင်ဦးလွင်မြို့တော်အား ချယ်ရီပန်းများ ဝေဆာစွာဖူးပွင့်ပြီး သာယာလှပစေရန်၊ ချယ်ရီပင်များ တိုးပွားလာခြင်းဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်စေရန်၊ ချယ်ရီပင်များ ထိန်းသိမ်းပြုစုခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

### နည်းလမ်းလေးမျိုးဖြင့် စိုက်ပျိုးမည်

ပြင်ဦးလွင်မြို့နယ်ကို ချယ်ရီမြို့တော်ဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် သဘာဝတောများ၌ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လမ်းဘေး ဝဲ/ယာ တစ်အုပ်တစ်မ/ အတန်းလိုက် စိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၌ စိုက်ပျိုးခြင်း စသည့် နည်းလမ်းလေးမျိုးဖြင့် စိုက်ပျိုးမည်ဖြစ်သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဒီနှစ်မှာ ချယ်ရီပင်သုံးသောင်းကျော် စိုက်ပျိုးသွားမယ်။ ကျန်တဲ့စီမံကိန်းနှစ်တွေမှာ တစ်နှစ်ကို အပင် ၃၀၀၀၀ နဲ့ စီမံချက်ငါးနှစ်မှာတော့ ချယ်ရီပင်စုစုပေါင်း ၁၆၀၀၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အခုနှစ်မှာတော့ သဘာဝတောတွေရဲ့ ကွက်လပ်ဖြစ်ပေါ်နေတဲ့ နေရာတွေမှာ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းအနေနဲ့ ဧက ၃၀၊ အပင် ၁၆၂၀၀၊ လမ်းဘေး ဝဲ/ယာ တစ်အုပ်တစ်မ/ အတန်းလိုက် စိုက်ပျိုးခြင်းအနေနဲ့ အပင် ၃၀၀၀၊ လူထုဖြန့်ပျိုးပင်တွေ ဖြန့်ဝေစိုက်ပျိုးခြင်းအနေနဲ့ အပင် ၂၀၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတွေမှာ စိုက်ပျိုးခြင်းအနေနဲ့ အပင်၂၂၅၇၅ ပင် စုစုပေါင်း ချယ်ရီပင် ၄၃၇၇၅ ပင်ကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စီမံချက်ပါ ကျန်ရှိတဲ့နှစ်တွေမှာလည်း ဆက်စပ်ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီးတော့ ပြင်ဦးလွင်မြို့တော်ကို ချယ်ရီမြို့တော် ဖြစ်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆွေက ရှင်းပြသည်။

**စာမျက်နှာ ၂၅ သို့ ○**

> **"ပြင်ဦးလွင်မြို့နယ်ကို ချယ်ရီမြို့တော်ဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် သဘာဝတောများ၌ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လမ်းဘေး ဝဲ / ယာ တစ်အုပ်တစ်မ / အတန်းလိုက် စိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ၌ စိုက်ပျိုးခြင်း စသည့်နည်းလမ်းလေးမျိုးဖြင့် စိုက်ပျိုးမည်"**

**၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ချယ်ရီပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေ**

၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် အမြင့် ၂ ပေအထက် ပျိုးပင်များဖြင့် ဖြန့်ဝေစိုက်ပျိုးနိုင်ရေး ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန၊ ဒိုးကွင်းအမြဲတမ်းပျိုးဥယျာဉ်တွင် ချယ်ရီ ပျိုးပင်များ ကြိုတင်ပျိုးထောင် စုဆောင်းခဲ့ပါသည်။



၁

**၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် ချယ်ရီပင်များ ဖြန့်ဝေစိုက်ပျိုးပြီးစီးမှုအခြေအနေ**

❖ သဘာဝတောများရှိ ကွက်လပ်ဖြစ်ပေါ်နေသောနေရာများတွင် ချယ်ရီပင်များ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊

တောင်ပြိုတိုးချဲ့ကြိုးဝိုင်း၊ အကွက်အမှတ်(၁၀)အတွင်းရှိ (၃/၂၀၂၂) ချယ်ရီစိုက်ခင်း(၅)ဧက မှတ်တမ်းဓါတ်ပုံ




၂

**၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် ချယ်ရီပင်များ ဖြန့်ဝေစိုက်ပျိုးပြီးစီးမှုအခြေအနေ**

❖ သစ်တောဦးစီးဌာနမှ လမ်းဘေးဝဲ/ ယာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း



၃

၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် ချယ်ရီပင်များ ဖြန့်ဝေစိုက်ပျိုးပြီးစီးမှုအခြေအနေ

✣ စည်ပင်သာယာရေးအဖွဲ့မှ မြို့ပတ်လမ်းနှင့် မြို့တွင်းလမ်း ဘေး ဝဲ/ယာ တစ်လျှောက် ချယ်ရီပင်များ စိုက်ပျိုးခြင်း



၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် ချယ်ရီပင်များ ဖြန့်ဝေစိုက်ပျိုးပြီးစီးမှုအခြေအနေ

လူထုဖြန့်ပျိုးပင်များဖြန့်ဝေစိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာများတွင် ပန္နက်ရိုက်၊ ကျင်းတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓါတ်ပုံ



❍ စာမျက်နှာ ၂၄ မှ

၂၀၂၂ ခုနှစ် မိုးရာသီတွင် ချယ်ရီပင် ၄၃၇၇၅ ပင်ကို သဘာဝတောများရှိ ကွက်လပ်ဖြစ်ပေါ်နေသော နေရာများတွင် ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ ပြည်ထောင်စုကားလမ်းမကြီး လမ်းဘေး ဝဲ/ယာတွင် ချယ်ရီပင်များ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတွင် စိုက်ပျိုးခြင်းတို့ကို သစ်တောဦးစီးဌာနက တာဝန်ယူစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။

**ဧက ၃၀ တွင် ကွက်လပ်ဖြည့်စိုက်ပျိုး**

သစ်တောဦးစီးဌာနသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သဘာဝတောများအတွင်း ကွက်လပ်ဖြစ်နေသော ဧရိယာ ဧက ၃၀ တွင် ချယ်ရီပျိုးပင်ပေါင်း ၁၆၂၀၀ အား ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းကို သစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ လမ်းဘေး ဝဲ/ယာတွင် ချယ်ရီပင်များအား တစ်အုပ်တစ်မ/အတန်းလိုက် စိုက်ပျိုးမှုအနေဖြင့် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး၊ ကျေးလက်လမ်းနှင့် စည်ပင်သာယာ လမ်းဘေး ဝဲ/ယာတွင် ချယ်ရီပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ မိုက်ခရိုရိုက်ဇာ မြေထည့်ခြင်း၊ အမြင့်နှစ်ပေအထက် ပျိုးပင်များဖြင့် စိုက်ပျိုးခြင်း၊ သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခါးဆွခြင်း၊ မြေဩဇာကျွေးခြင်း၊ ခြံကာခြင်းလုပ်ငန်းစဉ်များကိုပါ လုပ်ဆောင်သွားမည်ဖြစ်သည်။

သစ်တောဦးစီးဌာနသည် မိုးရာသီကာလ၌ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးချိန်၌ လူထုဖြန့်ပျိုးပင်များအနက် ချယ်ရီပျိုးပင် ၂၀၀၀ ကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်းသိရပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများတွင်လည်း ချယ်ရီပင် ၂၂၅၇၅ ပင်ကို အခြားပင်များနှင့်အတူ ထည့်သွင်းဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။ ဖြန့်ဝေစိုက်ပျိုးသွားမည့် ချယ်ရီပျိုးပင်များကို ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဒိုးကွင် အမြဲတမ်းပျိုးဥယျာဉ်တွင် ကြိုတင်ပျိုးထောင်ထားရှိပြီးဖြစ်သည်။

**အားစိုက်ဆောင်ရွက်**

သစ်တောဦးစီးဌာနသည် ပြင်ဦးလွင်မြို့ဝန်းကျင်ရှိ ချယ်ရီပင်များအပါအဝင် သဘာဝတောများ ထိန်းသိမ်းနိုင်ရန် မေမြို့ထင်းကြိုးဝိုင်းနှင့် တောင်ပြိုတိုးချဲ့ကြိုးဝိုင်းတို့ကို သတ်မှတ်ထားရှိပြီး ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်ရှိသစ်တောများ ထိန်းသိမ်းကာကွယ်နိုင်ရန် တစ်ဖက်ကဆောင်ရွက်သလို တစ်ဖက်မှလည်း စိုက်ခင်းများ တည်ထောင် စိုက်ပျိုးရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနအနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိသည်။

သစ်တောအတန်းအစား ကျဆင်းခြင်း(Forest Degradation)၊ သစ်တောပြုန်းတီးခြင်း (Deforestation)များ ဖြစ်ပေါ်နေသည့် သစ်တောဧရိယာများ၊ ဓမ္မတာနည်းအရ မျိုးဆက်ရန် မဖြစ်နိုင်သော တောများနှင့် သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းနည်းအရ ပြုစုဆောင်ရွက်ပေးခြင်းဖြင့် လုံလောက်မှုမရှိသောတောများကို ပဝတ္တိမျိုးဆက်ခြင်းနည်း (Artificial Regeneration)ဖြင့် သစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးပေးခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ပျိုးဥယျာဉ်မှာ ချယ်ရီ၊ ခါတော်မီ၊ စိန်ပန်းပြာ စတဲ့ ဒေသနဲ့ကိုက်ညီတဲ့ ပျိုးပင်တွေကို ပျိုးထောင်ထားရှိပြီး သစ်တောဦးစီးဌာနအနေနဲ့ တာဝန်ယူစိုက်ပျိုးသလို ပြည်သူလူထုထံ ဖြန့်ဝေပြီး စိုက်ပျိုးတာလည်းရှိပါတယ်။ အခုနှစ်မှာတော့ ချယ်ရီမြို့တော်စီမံချက်အရ ချယ်ရီပျိုးပင်တွေကို လျာထားချက်ပြည့်မီအောင်၊ အရွယ်မီပျိုးပင်ရရှိအောင် ကြိုတင်ပျိုးထောင်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ သစ်တောဦးစီးဌာနအနေနဲ့ မြို့စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်တဲ့ ပျိုးပင်တွေ ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် ပျိုးဥယျာဉ်လုပ်ငန်းတွေကို ရာသီအချိန်မီ ကြိုတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ သဘာဝတောတွေမှာ ကွက်လပ်ဖြည့် စိုက်ပျိုးတာကို မိုးရွာသွန်းမှုအခြေအနေနဲ့ချိန်ညှိပြီး စိုက်ပျိုးလျက်ရှိပါတယ်"ဟု ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇာနည်ထွန်းက ပြောသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

သစ်တောဦးစီးဌာနသည် ဖြန့်ဝေစိုက်ပျိုးပင်များ ရာနှုန်းပြည့် ရှင်သန်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်/ရပ်ကျေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

လူထုဖြန့်ဝေစိုက်ပျိုးခြင်း၊ တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးခြင်းအနေဖြင့် ဇွန်လ ၂၉ ရက်နေ့တွင် တောင်ပြိုတိုးချဲ့ကြိုးဝိုင်း၊ အကွက်အမှတ်(၁၀)အတွင်း ချယ်ရီပင် ၂၇၀၀ ကိုလည်းကောင်း၊ လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်း လမ်းဘေးဝဲ/ယာများ၌ ဇွန်လ ၁၈ ရက်နေ့တွင် ချယ်ရီပင် ၁၄၅၀ နှင့် စိန်ပန်းပြာအပင် ၁၀၀ ကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အတူ ပြီးခဲ့သည့် ဇွန်လ ၈ ရက်နေ့ကလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ဦးဆောင်ကာ လူအင်အား ၁၀၀၀ ဖြင့် မေမြို့ထင်းကြိုးဝိုင်း၊ အကွက်အမှတ်(၁၄) အတွင်း ချယ်ရီပင် ၈၀၀ နှင့် စိန်ပန်းပြာပင် ၂၈၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးပြီးသည့် အပင်များကို ရှင်သန်အောင် သစ်တောဦးစီးဌာနအနေဖြင့် ပေါင်းရှင်းခါးဆွခြင်း၊ မြေဩဇာကျွေးခြင်း၊ သေပင်များ တွေ့ရှိရပါက ဖာထေးစိုက်ပျိုးခြင်း၊ မီးကာကွယ်ခြင်း၊ တိရစ္ဆာန်များ စားကျက်ချဝင်ရောက်မှု မရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ချယ်ရီပင်များ ပိုမိုတိုးချဲ့စိုက်ပျိုး**

သို့ဖြစ်၍ ပြင်ဦးလွင်မြို့၏ အမှတ်သင်္ကေတတစ်ခုဖြစ်သော ချယ်ရီပင်များ လျော့နည်းမှုမရှိစေရန် ထိန်းသိမ်းခြင်း၊ ချယ်ရီပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းများဖြင့် ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်ဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထိုသို့ထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် အလှအပများ ပေါ်လွင်ကာ ဆွဲဆောင်မှု အားကောင်းသော ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးမှုနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများသည် ပိုမိုပွင့်လန်းလာမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

* ကျောဖုံးမှ

တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူကာ မြန်မာအသင်းကို ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိစေခဲ့သူဖြစ်သည်။ သန်းပိုင်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရန်ကုန်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် MNL ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် ရှမ်းယူနိုက်တက်အသင်းအတွက် တစ်ပွဲမျှမကစားရဘဲ နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းကာ ပြည်ပကလပ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာဘောလုံးသမားအများစုမှာ ပြည်ပကလပ်များတွင် သွားရောက်ကစားလျက်ရှိပြီး မြန်မာကစားသမားတစ်ဦးဖြစ်သည့် ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်မှာလည်း ပြီးခဲ့သည့် ရက်ပိုင်းက ထိုင်းလိဂ်-၂ ကလပ် နာခွန်ဆီအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-ကန်ချာနာဘူရီအသင်း**

## ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်



နေပြည်တော် ဇွန် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးတပ်ဖွဲ့က အဆိုပါမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၅၂ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အထူးကျေးဇူးတင်ရှိပါကြောင်း

၆-၆-၂၀၂၂ (တနင်္လာနေ့) ညနေ ၅:၃၉ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်ခဲ့သော ကျေးဇူးရှင် ချစ်ခင်ပွန်း Capt. ဝင်းမော် [Ex.Master Marina (Gewin Co.,Ltd Japan)] အသက် (၆၈)နှစ် နာမကျန်းစဉ်နှင့် ဆေးရုံတက်ရောက်ကုသစဉ် အထူးဂရုစိုက်၍ ကုသပေးပါသော တက်လမ်းဆေးရုံမှ ကင်ဆာအထူးကုဆရာဝန်ကြီး Dr. အောင်ရဲကျော်၊ သမားတော်ကြီး Dr. ငြိမ်းချမ်းဝင်းနှင့် ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများအား လည်းကောင်း၊ ဖခင်ကြီးစျာပနကိစ္စအတွက် အလှူငွေထည့်ဝင်သော P.P.F.C (ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း)နှင့် သက်ကြီးသဘော်သားများ ကူညီစောင့်ရှောက်ရေးအသင်းအားလည်းကောင်း၊ ဝမ်းနည်းကြောင်းနှင့် အားပေးစကားပြောကြားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဆရာသမားများ၊ သူငယ်ချင်း မိတ်ဆွေများ၊ တပည့်တပန်းများ၊ ညီအစ်ကိုမောင်နှမများ၊ အစစအရာရာလိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြသော တူ၊ တူမများ၊ သက်န်း၊ လှူဖွယ် ဝတ္ထုများ၊ ပန်းခြင်းများ၊ Phone, Facebook Messenger, Viber တို့မှ မေးမြန်းအားပေးကြသော မိတ်သင်္ဂဟများ အားလုံးနှင့် အခြားကျေးဇူးတင်ရှိရန် ကျန်ရှိသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မီမီအောင်
## ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ တောင်(စံပြ)ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ်(၃၃)နေ ဦးမင်းမောင်တင်-ဒေါ်နုနုကြည်တို့၏ သမီးကြီး၊ ဒေါ်မီမီစန်း-ဦးခင်မောင်ကျော်၊ ဒေါ်ယဉ်ယဉ်ထွေး-ဦးငြိမ်းအေးကျော်၊ ဒေါ်တင်နုနုထွေး တို့၏ အစ်မကြီး၊ မောင်ထင်လင်းကျော်၊ မောင်သန့်စင်ထက်၊ မောင်ပြည့်စုံထက် တို့၏ ကြီးကြီး ဒေါ်မီမီအောင်သည် ၁၆-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၄၀၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၀၃)၊ တောင်ထိပ်ပန်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်စန်းနွဲ့(NTG-၀၂၂၈၄၇)အမည်ပေါက်ပါသည်။ အဆိုပါ အမည်ပေါက်၏ကိုယ်စား လားရှိုးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်နွဲ့(LSO-၁၁၉၉၆၇) ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထား၍ ပြန်လည်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အဲန်နယ်ဖိန်[၄/ဖလန(နိုင်)၀၀၄၀၈၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်အိသီရိကြူ LL.B,M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃)**
**ဖုန်း-၀၉-၄၃၁၆၃၄၀၅**

**ဒေါ်ဝတ်ရည်ထွန်း LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၈)**
**ဖုန်း-၀၉-၅၃၀၂၃၂၈**

**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၁၆/ခ)၊ (၁၀)လမ်း၊ အိမ်အမှတ်(၂၀၀/ခ)ရှိ (၂၀ပေx၆၀ပေ) (၁၂၀၀)စတုရန်းပေကျယ်ဝန်းသော နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးတင်အောင် [၁၂/ဥကတ(နိုင်)၀၀၇၀၉၁] အမည်ဖြင့် မှတ်သားတည်ရှိနေသော မြေနှင့်အိမ်အား ဖခင် (ဦးတင်အောင်)နှင့် မိခင် (ဒေါ်သန်းကြွယ်)တို့ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သော (၁)ဒေါ်ခင်ဆွေဦး [၁၂/ရကန(နိုင်)၀၄၅၅၄၈] (ချွေးမ)၊ ဒေါ်ဝေဝေလွင် [၁၂/ဥကတ(နိုင်)၀၇၀၃၈၃]၊ ဦးအောင်နိုင်[၁၂/ဥကတ(နိုင်)၀၀၇၀၈၀]၊ ဒေါ်အေးအေးသန်း [၁၂/ဥကတ(နိုင်)၀၀၂၄၇၁] တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိပိုင်ဆိုင်ထားကြောင်း စီမံခန့်ခွဲပိုင်ခွင့်နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဥမ္မာကျော် [၁၂/တမန(နိုင်)၀၁၀၁၀၆] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ - စဉ်(၁၀၉၅၇)**
**အမှတ်(၄၄၆/B)၊ ဓမ္မာရုံလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၁၀၀၉၁**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ Hot Plate သုံး၍ ရေနွေးအိုး တည်ပါက၊ ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှ လူက မီးခလုတ်ကို ပိတ်နိုင်၍ လျှပ်စစ်အသုံးပိုစေပါသည်၊





➢ ရေဆူမှတ်ရောက်သည်နှင့် ခလုတ်ကို အလိုအလျောက် ပိတ်စေသော ရေနွေးတည်ခရားကို သုံးခြင်းဖြင့် လျှပ်စစ်ကိုချွေတာသင့်ပါသည်။



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှသောင်း
## အတွင်းရေးမှူး၊ စီမံရေးကော်မတီကြီး
## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုကော်မတီဌာနချုပ်
## အသက်(၈၂) နှစ်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုကော်မတီဌာနချုပ်၊ စီမံရေးကော်မတီကြီးမှ အတွင်းရေးမှူး ဦးလှသောင်း အသက်(၈၂)နှစ်သည် ၁၅-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီဌာနချုပ်**

## ကမ္ဘာ့ အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့

## ဒေါ်ခင်တင့်သိန်း(ကျောက်ဖြူမြို့)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်(၅၇၉/A)၊ မြေညီထပ်၊ အနန္တဂုဏ်ရည်လမ်းနှင့် ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ(ဦးဉာဏ်သိမ်း-ဒေါ်မကြိုင်)တို့၏ သမီးကြီး၊ (ဦးတင်ဦး)-ဒေါ်စောရှင်၊ (ဦးတင်လှ)-ဒေါ်တင်မေတို့၏ညီမ၊ ဦးသိန်းရွှေ-(ဒေါ်စိန်တင့်)၊ ဦးမြသန်း-ဒေါ်မြမြသီ၊ ဦးသန်းထွန်း-ဒေါ်မူမူမြင့်တို့၏အစ်မ၊ ဦးသန့်စင်-ဒေါ်ဥမ္မာအောင်၊ ဦးညီညီအောင်-ဒေါ်ရီရီသန်းတို့၏ မိခင်၊ မြေး လေးယောက်၊ မြစ် တစ်ယောက်တို့၏ဘွားဘွားသည် ၁၈-၆-၂၀၂၂(စနေနေ့) နံနက် ၁:၁၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်ကို ၁၉-၆-၂၀၂၂(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန်မြို့သစ်(က/၆)လမ်း၊ တိုက်အမှတ်(၃၄၄)၊ စတုတ္ထထပ် ခြေရင်းခန်းတိုက်ကို မျက်နှာမူလျှင် ညာဘက်ခြမ်းရှိ တိုက်ခန်းကို FAR STAR ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးအုန်းခိုင် [၁၃/တကန(နိုင်)၁၄၂၅၉၇]ထံမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဦးအုန်းခိုင်၏ သား ဦးဝေယံကျော် [၁၂/ရပသ(နိုင်)၀၅၈၀၆၇] ထံသို့ (၁၆-၆-၂၀၂၂)ရက်နေ့က ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ Strand Condominium၊ အခန်း (၃၇) (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၁/၁)၊ ငုရွှေဝါလမ်းမ၊ မြေကွက်အမှတ်(၆၆၄)ဟုခေါ်တွင်သော အလျားxအနံ (၄၀x၆၀)ပေ မြေကွက်အနက်မှ (ခြေရင်းခြမ်းထောင့်စွန်းကွက် မြေကွက်အမှတ် ၆၆၅နှင့်ကပ်လျက်) အလျားxအနံ (၁၀x၆၀)ပေ မြေကွက်၊ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးသက်နောင် [၁၄/ဘကလ(နိုင်)၂၀၀၉၄၀]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင် လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာထွေး [၁၂/ဥကတ(နိုင်) ၁၇၁၂၉၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၂၅-၆-၂၀၂၂) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ်(၁၂၃၇-ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ဟာဆောင်ရော်ရှိမ်း (AKB-၂၂၃၅၉၄) အမည်ပေါက် (ပါမစ်)မြေကွက်ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သော ဦးဝင်းဦး [၇/ကဝန(နိုင်)၀၁၁၇၅၆]နှင့် ဒေါ်ဝါဝါခိုင် [၇/ပခန(နိုင်)၁၉၉၄၃၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရာဂျေစ်ကူမာရ် [၇/ဖမန(နိုင်)၁၇၈၄၆၀] က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၁၉)**
**အမှတ်(၃၈၃)၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၈၈၈၅၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၁၆)၊ (အလျား ၄၀ပေx အနံ၆၀ပေ)ရှိ ပါမစ်မြေကွက်၏ မူလအမည်ပေါက်မှာ ဦးထွန်းအောင်(ဘ-ဦးဆတ္တား)(CD-056017)ဖြစ်ပါသည်။** ထို ပေ(၄၀x၆၀) ရှိ ပါမစ်မြေကွက်မှ (အလျား ၃၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးခင်မောင်ရွှေ[၁၂/ဒဂတ(နိုင်)၁၃၁၉၇၈]**မှ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံလျက် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် ပြည့်မြောက်သည့်နေ့ ညနေ (၄)နာရီအတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင် LL.B,D.L.P,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈/U-10)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇၊ ၀၉-၂၅၀၀၀၉၃၉၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းထောင့်ရှိဘုရင့်နောင်တာဝါ၊ တိုက်(၂-အေ)၊ အခန်းအမှတ်(၁၀၀၆) (၁၀ လွှာ) ဟုခေါ်တွင်သည့် အကျယ်အဝန်း **(1300)** စတုရန်းပေရှိ ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်းနှင့် **Air Con** (၄) လုံး၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ၊ စွဲကပ်တည်ရှိနေသောအရာများ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးသန့်ဇင် [၁၃/ကမန(နိုင်)၀၀၀၉၂၈]+ဒေါ်ထားထားမိုး [၉/မရမ(နိုင်)၀၀၂၈၂၂]**တို့က တရားဝင်ရောင်းချ ပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ဝယ်ယူရန်အတွက် **ဒေါ်ဥမ္မာမြင့် [၁၂/လမန(နိုင်)၀၇၈၃၈၃]**မှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော်(B.Sc, H.G.P,D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉(က)၊ စံပါယ်လမ်း၊ မြေကွက်အမှတ် (၂၈၁/က)ဟုခေါ်တွင်သော ဦးသန်းညွှန့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ် ပေ(၂၀ ၁/၂ x ၆၀)၊ ဧရိယာ(၀.၀၂၈)ဧက၊ (၁၂၃၀) စတုရန်းပေရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မာကြည်[၁၂/သလန(နိုင်)၀၇၈၃၁၃] ကိုင်ဆောင်သူမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်အေး[၁၂/ဥကတ(နိုင်)၀၀၉၇၅၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးမြင့်အေး**

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)**
**အမှတ်(၈၅၄/က)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်(၈၀) ၃လွှာနေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းမွေ [၁၄/ဘကလ(နိုင်)၃၆၆၆၈၀]သည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့၊ ဈေးကုန်းရပ်ကွက်၊ ဆေးရုံလမ်းနေ ဦးရန်လင်းအောင် [၁၄/ကခန(နိုင်)၁၂၇၇၀၆]နှင့် ၁၂-၂-၂၀၂၁ ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သင်းသင်းမွေးမှာ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း မယားဝတ္တရားနှင့် ဇနီးကောင်းပီသစွာ ပေါင်းသင်းနေထိုင်ခဲ့သော်လည်း ဦးရန်လင်းအောင်မှာ မိမိ၏သဘောဆန္ဒအရ အတူနေထိုင်ခြင်းမပြုတော့ဘဲ အိမ်ပေါ်မှဆင်းသွားသဖြင့် ဒေါ်သင်းသင်းမွေးမှာ ယနေ့တိုင် ဦးရန်လင်းအောင်၏ တရားဝင်ဇနီးသာ ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သင်းသင်းမွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီအောင်(LL.B,DBL,DIL)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၆၅၅)**
**အမှတ်-၁၊ မြေညီထပ်၊ ပုညဝမ္မုနလမ်း၊ ဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေ။**
**Ph-09-448004619**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်မြို့ ပြည်သူများ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ခေတ်မီ Informative Digital Map မြေပုံရေးဆွဲရေးစီမံကိန်း ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗုန်သတ်မှတ်ချက်များပါဝင်သော Informative Digital Map မြေပုံစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အကူအညီများရယူပြီး ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး၍ လိုအပ်ချက်များ ပြည့်စုံစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရည်ရွယ်ဆောင်ရွက်**

Yangon Mapping Project (YMP)၏ လက်ရှိမြေပုံဆိုင်ရာ အချက်အလက်များကို အခြေခံပြီး ဂျပန်နိုင်ငံ (JICA) အကူအညီကို ရယူကာ သတ်မှတ်ဧရိယာအတွင်း ရန်ကုန်မြို့ပတ်လမ်းအတွင်းဘက် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ကိုခြုံငုံ၍ မြေပုံစကေး ၁:၅၀၀၀ နှင့်

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○



ရန်ကုန်တိုင်းဒေသကြီး ၃၃ မြို့နယ်အနက် ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ လသာနှင့် လမ်းမတော်မြို့နယ်များတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရစဉ်။

ယနေ့ ဖတ်စရာ



**ရိုမေးနီးယားနိုင်ငံက နော်ဝေနိုင်ငံမှ တစ်ပတ်ရစ် F-16 ဂျက်လေယာဉ် ၃၂ စင်း ဝယ်ယူမည်**

စာမျက်နှာ » ၁၃

စာမျက်နှာ » ၂၀၊ ၂၁

**ခရီးသွားမြို့အဖြစ် တည်တံ့ဖို့ ချယ်ရီပင်တွေ စိုက်ပျိုးထိန်းသိမ်းကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၂၄

# လက်ရွေးစင်တိုက်စစ်မှူး သန်းပိုင် ထိုင်းကလပ်သို့ ပြောင်းရွှေ့



**ရန်ကုန် ဇွန် ၁၈**

မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဖြစ်သူ သန်းပိုင်သည် ထိုင်းလိဂ်-၃ ကလပ် ကန်ချာနာဘူရီအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။

သန်းပိုင်ကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ကန်ချာနာဘူရီအသင်းက ဇွန် ၁၇ ရက်က တရားဝင် သတင်းထုတ်ပြန်ခဲ့ပြီး အသင်းနှင့် စတင်ပူးပေါင်းနေပြီဖြစ်သည်။ သန်းပိုင်သည် ပြည်ပကလပ်အသင်းတွင် ပထမဆုံးသွားရောက်ကစားခြင်းဖြစ်ပြီး မြန်မာကစားသမားအများစု ကစားနေသည့် ထိုင်းလိဂ်သို့ ပြောင်းရွှေ့ခဲ့ခြင်းလည်းဖြစ်သည်။ သန်းပိုင်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ မြန်မာကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ အာရှ ယူ-၁၉ ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ယူအေအီးအသင်းဘက်သို့

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻

# PDF အမည်ခံ အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆